# ဆရာများအတွက်အမှာစာ

## ဆရာလမ်းညွှန်အသုံးပြုပုံ

### ၁။ ရည်ရွယ်ချက်

ဤဆရာလမ်းညွှန်စာအုပ်ကို ဆရာများအနေဖြင့် တတိယတန်း အနုပညာ(ဂီတ)ဘာသာရပ် သင်ကြားရာတွင် အထောက်အကူပြုနိုင်ရန် ရေးသားပြုစုထားပါသည်။ တစ်ဖန် မူလတန်းပြဆရာများ မွမ်းမံသင်တန်းအပြင် ပညာရေးကောလိပ်တွင်လည်း အသုံးပြုနိုင်ရန် ရေးသားပြုစုထားပါသည်။

အနုပညာ(ဂီတ)ဘာသာရပ်ကို နယ်ပယ် ၃ ခု ဖြင့် ဖွဲ့စည်းထားပါသည်။ ၎င်းတို့မှာ အဆို၊အကနှင့် အတီး တို့ဖြစ်ပါသည်။ တတိယတန်း **အဆိုသင်ကြားရခြင်း၏ ရည်ရွယ်ချက်မှာ** သီချင်းကဗျာ၏ အဓိပ္ပာယ်ကို သိရှိပြီး အသံနေအသံထား မှန်ကန်စွာဖြင့် ဟန်အမူအရာပြုလုပ်၍ ပျော်ရွှင်စွာ သီဆိုတတ်ရန် ဖြစ်ပါသည်။ ထို့အပြင် ကလေးများ အသက်အရွယ်နှင့် သင့်လျော်သော ကမ္ဘာ့ဂီတသင်္ကေတတို့ကို လေ့လာနိုင်ရန် ထည့်သွင်းရေးသားထားပါသည်။

**အကသင်ကြားရခြင်း၏ ရည်ရွယ်ချက်မှာ** မြန်မာ့အခြေခံအကများကို စနစ်တကျနှင့် စည်းဝါးကျကျ ပျော်ရွှင်စွာ ကပြနိုင်ရန် ဖြစ်ပါသည်။

**အတီးသင်ကြားရခြင်း၏ ရည်ရွယ်ချက်မှာ** သင်ခန်းစာပါ ဂီတသင်္ကေတများကို မှန်ကန်သာယာစွာဖြင့် **ဒို ရေ မီ ဖာ ဆို** အသံ ၅ သံပါသော တေးကဗျာများကို ပလွေဖြင့် မှုတ်နိုင်စေရန် ဖြစ်ပါသည်။

အထက်ပါရည်ရွယ်ချက်များ ပေါက်မြောက်အောင်မြင်စွာ သင်ကြားနိုင်ရန် အထူးရည်ရွယ်၍ ကလေးများ၏ အသက်အရွယ်နှင့် လိုက်ဖက်သည့် သီဆိုလှုပ်ရှားမှုများ၊ ကိုယ်ပိုင်ဟန်နှင့် ဖန်တီးတီထွင်မှုစွမ်းရည်များကို စေ့ဆော်ပေးနိုင်သည့် သင်နည်းများ၊ သင်ကြားမှုလုပ်ငန်းများဖြင့် ဤဆရာလမ်းညွှန်ကို ပြုစုထားပါသည်။ သို့ပါ၍ ဆရာများအနေဖြင့် သင်ခန်းစာမသင်ကြားမီ ဆရာလမ်းညွှန်စာအုပ်ပါ အကြောင်းအရာများကို ကြိုတင်ဂရုတစိုက်လေ့လာထားရန် တိုက်တွန်းအပ်ပါသည်။

ကလေးများကို အနုပညာ(ဂီတ)ဘာသာရပ် သင်ကြားပေးရခြင်းဖြင့် ကလေးများသည် ကျောင်းနေပျော်၍ သင်ယူလိုစိတ်ထက်သန်လာမည်ဖြစ်ပြီး ကိုယ်စိတ်နှလုံး နူးညံ့သိမ်မွေ့လာမည် ဖြစ်ပါသည်။ ထို့အပြင်အများနှင့် ချစ်ခင်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်တတ်သော ဂီတအနုပညာရပ်များကို ခံစားတန်ဖိုးထားသူများအဖြစ် ပြုစုပျိုးထောင်နိုင်မည်ဖြစ်ပါသည်။

DBE Box - Copyright Protected

### ၂။ ဆရာလမ်းညွှန် ဖွဲ့စည်းတည်ဆောက်ပုံ

ဤဆရာလမ်းညွှန်စာအုပ်တွင် သင်ခန်းစာတစ်ခုချင်းစီကို အောက်ပါအပိုင်းကဏ္ဍ ၈ ခုဖြင့် ပြုစုထားပါသည်။

(၁) သင်ခန်းစာခေါင်းစဉ်

(၂) ရည်ရွယ်ချက်

(၃) သင်ယူမှု ဦးတည်ချက်

(၄) သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ

(၅) သင်ကြားသင်ယူမှု လုပ်ငန်းစဉ်

(၆) သတိပြုရမည့်အချက်များ

(၇) ကျောင်းသုံးစာအုပ်ပါသင်ခန်းစာ

(၈) စစ်ဆေးအကဲဖြတ်ချက်

# ဆရာလမ်းညွှန် ဖွဲ့စည်းတည်ဆောက်ပုံ

**(၁)သင်ခန်းစာခေါင်းစဉ်**

**(၂)ရည်ရွယ်ချက်**

**(၃)သင်ယူမှုဦးတည်ချက်**

**(၄)သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ**

စာသင်ချိန်အတွင်းလိုအပ်သည့် သင်ထောက်ကူပစ္စည်းများ စာရင်းဖြစ်ပါသည်။

**(၅)သင်ကြားသင်ယူမှုလုပ်ငန်းစဉ်**

သင်ကြားမှုအကြောင်းအရာနှင့် သင်ကြားရမည့် နည်းလမ်းများကို ပေါင်း၍ရေးသားထားပါသည်။ စာသင်ချိန်တစ်ချိန်အား နိဒါန်း၊ လုပ်ငန်းစဉ်နှင့် နိဂုံးဟူ၍ အပိုင်း၃ပိုင်းခွဲကာ ရေးထားပါသည်။

၁

**အခန်း(၁) တစ်ကိုယ်ရေသန့်ရှင်းကျန်းမာခြင်း**

**ရည်ရွယ်ချက်** – တေးကဗျာ၏အဓိပ္ပာယ်ကိုသိရှိပြီး ဟန်အမူအရာဖြင့် သီဆိုခံစား သရုပ်ဖော်တတ်ရန်ဖြစ်သည်။

**စာသင်ချိန်** – ၁/၅

၂

**သင်ယူမှုဦးတည်ချက်** ၃

တေးစာသား၏ အဓိပ္ပာယ်ကို သိရှိပြီး အသံနေအသံထားမှန်ကန်စွာ စိတ်ရောကိုယ်ပါ သီဆိုတတ်ရန်။

**သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ** ၄

ကျောင်းသုံးစာအုပ်၊ သင်ထောက်ကူကားချပ်။

**သင်ကြားသင်ယူမှုလုပ်ငန်းစဉ်** ၅

**နိဒါန်း**

- ဆရာက ကလေးများကို အောက်ပါမေးခွန်းများ မေး၍ သင်ခန်းစာကို နိဒါန်းပျိုးပါမည်။
- 'သားတို့ သမီးတို့ မနက်ခင်းအိပ်ရာထရင် ဘာတွေလုပ်သလဲ။ ကိုယ့်ကိုယ်ကိုယ်သန့်ရှင်းအောင် ဘာတွေလုပ်သလဲ။ မသန့်ရှင်းရင် ဘာတွေဖြစ်နိုင်သလဲ' စသည်တို့ကို မေး၍ အစပျိုးပါမည်။ ကလေး (၃-၄) ဦးခန့်ကို ဖြေဆိုစေပါမည်။(၅ မိနစ်)

**လုပ်ငန်းစဉ်**

- ဆရာက 'တစ်ကိုယ်ရေသန့်ရှင်းကျန်းမာခြင်း' တေးကဗျာ၏ သင်ထောက်ကူကားချပ် သို့မဟုတ် ကျောင်းသုံးစာအုပ်ကို ပြ၍ သီချင်းစာသား တစ်ပိုဒ်စီကို ရွတ်ပြပြီး အဓိပ္ပာယ်ကို ဆွေးနွေးမေးမြန်းပါမည်။ ကလေးများ ပိုမိုနားလည်စေရန် ဆရာက ဖြည့်စွက်ရှင်းလင်းပေးရပါမည်။
- 'ကဲ သားသားမီးမီးတို့ ကျန်းမာအောင် သန့်သန့်ရှင်းရှင်းနဲ့ ဘယ်လိုနေထိုင်စားသောက်ရမယ်ဆိုတဲ့အကြောင်းပါတဲ့ တေးကဗျာလေးကို ဆိုပြမယ်' ဟု ပြောပြီး ဆရာက အသံနေအသံထား မှန်ကန်စွာဖြင့် အမူအရာများပြုလုပ်၍ နှစ်ကြိမ်ခန့် သီဆိုပြပါမည်။
- ထို့နောက် ဆရာက တေးကဗျာစာသား နှစ်ကြောင်းစီကို ဆိုပြပြီး ကလေးများကို လိုက်ဆိုစေပါမည်။
- ပထမပိုဒ်အဆုံးထိရလျှင် အစမှနေ၍ ပထမပိုဒ် တစ်ပိုဒ်လုံးကို ဆရာနှင့်အတူ သီဆိုစေပါမည်။
- အထက်ပါအတိုင်း ဒုတိယပိုဒ်ကို ဆက်လက်သင်ကြားပေးပြီး သီဆိုစေပါမည်။
- ဒုတိယပိုဒ် အဆုံးထိရလျှင် ဆရာနှင့်အတူ ကလေးများအားလုံး သီဆိုစေပါမည်။ ဆရာနှင့်အတူသီဆိုနေချိန်တွင် ပထမပိုဒ်ကို နှစ်ကျော့သီဆိုရမည်ဖြစ်ကြောင်းရှင်းပြရပါမည်။ ပြီးလျှင်ကလေးများကိုယ်တိုင် အစမှအဆုံးထိ သီဆိုစေပါမည်။
- ဆရာက ကလေးများကို တေးကဗျာ၏ အဓိပ္ပာယ်ကို စဉ်းစားစေပြီး ဘယ်လိုနေထိုင်စားသောက်ရမလဲဟု မေးပါမည်။ တေးကဗျာ၏ အဓိပ္ပာယ်ကို နားလည်စေပြီးမှ နောက်တစ်ကြိမ် ခံစားသီဆိုစေပါမည်။(၂၅ မိနစ်)

**နိဂုံး**

- အတန်းရှိကျောင်းသားဦးရေအပေါ် မူတည်၍ သင့်လျော်သလို အဖွဲ့ဖွဲ့ပြီး တစ်ဖွဲ့ချင်းစီကို တေးကဗျာကို သီဆိုစေပါမည်။ တစ်ဖွဲ့က သီဆိုနေစဉ် ကျန်အဖွဲ့များက ဆရာနှင့်အတူ စည်းချက်လိုက်ရင်း ကြည့်ရှုအားပေးပါမည်။(၁၀ မိနစ်)

၁၀ တစ်ကိုယ်ရေသန့်ရှင်းကျန်းမာခြင်း

အခန်း(၁) တစ်ကိုယ်ရေသန့်ရှင်းကျန်းမာခြင်း

**အခန်း(၁) တစ်ကိုယ်ရေသန့်ရှင်းကျန်းမာခြင်း**

**တေးကဗျာကို ပျော်ပျော်ရွှင်ရွှင် သီဆိုကြစို့** ၇

**တစ်ကိုယ်ရေသန့်ရှင်းကျန်းမာခြင်း**

တေးကဗျာ - အမည်မသိတေးရေးသူ

ရောင်နီလာပြီ ထမယ်ကွယ်

သားသား/မီးမီး သွားတိုက်မယ်

ဖြူဖြူစင်စင် ဝတ်ကာရယ်

ကျောင်းသွားကြမယ်

စာသင်ခန်းကို ဝင်ရင်ကွယ်

သားသား မီးမီး စည်းကမ်းရှိပါ့မယ်

ကျောင်းပတ်ဝန်းကျင် သာယာအောင်ကွယ်

ဝိုင်းဝန်းလုပ်ကြမယ်

သောက်သုံးရေများ သန့်ရှင်းမှုကွယ်

တို့များကျန်းမာမယ်

သန့်စင်တဲ့ မုန့်ကိုကွယ်

စားရင်တကယ် ကျန်းမာမယ်

ထာဝစဉ်သာပင်တကယ်

ပျော်ရွှင်စွာပင် ကြီးစားမယ်။



၁

**သတိပြုရမည့်အချက်များ** ၆

- ပထမဆုံး သင်ခန်းစာဖြစ်၍ ပျော်ရွှင်စွာ သီဆိုနိုင်စေရန် ကြိုးစားပေးရပါမည်။
- တေးကဗျာ၏ အဓိပ္ပာယ်ကို ကလေးများ ပျော်ရွှင်စွာ နားလည် သီဆိုနိုင်စေရန် ဆရာက ဟန်အမူအရာပြုလုပ်၍ သီဆိုပြရမည်။
- ကလေးများကို ဆရာလုပ်သည့်အတိုင်း လိုက်လုပ်စေသော်လည်း အတိအကျ လုပ်တတ်ရန် မလိုပါ။ ကလေးများ ကိုယ်ပိုင်ဟန်ဖြင့် လွတ်လပ်စွာ ပြုလုပ်စေပါမည်။
- ပထမပိုဒ် ဒုတိယစာကြောင်းတွင်ရှိသော သားသား၊ မီးမီးဆိုသည့် စာသားကို သီဆိုသည့်အခါ ယောကျ်ားလေးများက သားသားဟု သီဆိုရမည်ဖြစ်ပြီး မိန်းကလေးများက မီးမီးဟု သီဆိုရမည်ဖြစ်ပါသည်။ သို့သော် ပထမပိုဒ်၏ နောက်ဆုံးပိုင်းတွင်ရှိသော သားသားမီးမီးမှာမူ ယောကျ်ားလေးရော မိန်းကလေးပါ အတူရွတ်ဆိုရပါမည်။

**စစ်ဆေးအကဲဖြတ်ချက်** ၈

- တေးစာသား၏ အဓိပ္ပာယ်ကို သိရှိပြီး အသံနေအသံထားမှန်ကန်စွာဖြင့် စိတ်ရောကိုယ်ပါ ပျော်ရွှင်စွာ သီဆိုနိုင်သည်။ (A)
- တေးစာသား၏ အဓိပ္ပာယ်ကို သိရှိပြီး အသံနေအသံထား မှန်ကန်စွာဖြင့် စိတ်ရောကိုယ်ပါ သီဆိုနိုင်သည်။ (B)
- တေးစာသား၏ အဓိပ္ပာယ်ကို သိရှိပြီး အသံနေအသံထား မှန်ကန်စွာ မသီဆိုနိုင်ပါ။ (C)

DBE Box - Copyright Protected

**(၆)သတိပြုရမည့်အချက်များ**

သင်ကြားသည့်အခါ စိတ်ဝင်စားစွာဖြင့် လေ့လာ သင်ယူနိုင်စေရန် လိုအပ်သည်များကို စဉ်းစားကာ ရေးထားပါသည်။ သင်ကြားရာတွင် ပိုမိုထိရောက်နိုင်စေရန် လိုအပ်နိုင်သည့်အချက်များကိုလည်း ဖော်ပြထားပါသည်။

**(၇)ကျောင်းသုံးစာအုပ်ပါသင်ခန်းစာ**

ကျောင်းသားကိုင်စာအုပ်ပါသင်ခန်းစာသည် ဆရာများအနေဖြင့် သင်ခန်းစာသင်ကြားရာတွင် ကိုးကားနိုင်ရန် ဖြစ်ပါသည်။

**(၈)စစ်ဆေးအကဲဖြတ်ချက်**

သင်ယူမှုဦးတည်ချက်ကို အခြေခံ၍ စစ်ဆေးအကဲဖြတ်ချက် အခြေခံစံနှုန်းကို သတ်မှတ်ကာ (A. ကောင်း) ၊ (B. သင့်) ၊ (C. ထပ်မံကြိုးစားရန်) ဟူ၍ စစ်ဆေးအကဲဖြတ်ရမည့် အချက်များကို ဖော်ပြထားပါသည်။

## ၃။ တတိယတန်း အနုပညာ(ဂီတ)ဘာသာရပ် စာသင်ချိန်ခွဲဝေမှု

တတိယတန်း အနုပညာ(ဂီတ)ဘာသာရပ် စာသင်ချိန်ခွဲဝေမှုမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

### တတိယတန်း အနုပညာ(ဂီတ)ဘာသာရပ် စာသင်ချိန်ခွဲဝေမှု

| လ | ရက်သတ္တပတ် | နယ်ပယ် | သင်ခန်းစာ | စာသင်ချိန် |
|---|---|---|---|---|
| ဇွန် | ပထမပတ် မှ စတုတ္ထပတ် ထိ | အဆို | အခန်း(၁) တစ်ကိုယ်ရေသန့်ရှင်းကျန်းမာခြင်း | ၅ |
| ဇူလိုင် | ပထမပတ် | | | |
| | ဒုတိယပတ် မှ စတုတ္ထပတ် ထိ | အဆို | အခန်း(၂) ချစ်စရာတောသူလေးနဲ့ ဝက်ဝံလေး | ၅ |
| ဩဂုတ် | ပထမပတ် မှ ဒုတိယပတ် ထိ | | | |
| | တတိယပတ် မှ စတုတ္ထပတ် ထိ | အက | အခန်း(၃) စည်းဝါး(ခြေရှေ့ထိုး)အက | ၄ |
| စက်တင်ဘာ | ပထမပတ် မှ ဒုတိယပတ် ထိ | | | |
| | တတိယပတ် မှ စတုတ္ထပတ် ထိ | အတီး | အခန်း(၅) အားလုံးလှ<br>(သီတင်းကျွတ်ကျောင်းပိတ်ရက်၊ အောက်တိုဘာလ တတိယပတ်မှ စတုတ္ထပတ်အထိ) | ၅ |
| အောက်တိုဘာ | ပထမပတ် မှ ဒုတိယပတ် ထိ | | | |
| နိုဝင်ဘာ | ပထမပတ် | | | |
| | ဒုတိယပတ် မှ စတုတ္ထပတ် ထိ | အက | အခန်း(၄) စည်းဝါး(ခြေနောက်ထိုး)အက<br>(ဒီဇင်ဘာလကျောင်းပိတ်ရက်၊ စတုတ္ထပတ်မှ ဇန်နဝါရီလ ပထမပတ်အထိ) | ၄ |
| ဒီဇင်ဘာ | ပထမပတ် | | | |
| ဇန်နဝါရီ | ဒုတိယပတ် မှ စတုတ္ထပတ် ထိ | အတီး | အခန်း (၆) ငြိမ်းချမ်းတဲ့ မြန်မာပြည် | ၅ |
| ဖေဖော်ဝါရီ | ပထမပတ် မှ ဒုတိယပတ် ထိ | | | |
| စုစုပေါင်း | | | ၂၈ + (အရန်သင်ကြားချိန် ၈ချိန်) | |

**(အချိန်ထပ်မံလိုအပ်သော သင်ယူမှုလုပ်ငန်းများအတွက် အရန်သင်ကြားချိန်ကို အသုံးပြုနိုင်ပါသည်။)**

DBE Box - Copyright Protected

## ၄။ ထိရောက်သော သင်ကြားမှု

တတိယတန်း အနုပညာ(ဂီတ)ဘာသာရပ်တွင် နယ်ပယ် ၃ ခုပါဝင်ပါသည်။ နယ်ပယ်အလိုက် သင်ခန်းစာတစ်ခုချင်းစီကို ထိရောက်အောင်မြင်စွာ သင်ကြားပြသနိုင်ရန် အရေးကြီးသော အချက်အလက်များနှင့် သတိပြုရမည့်အချက်များကို ဤဆရာလမ်းညွှန်စာအုပ်တွင် စုစည်းတင်ပြထားပါသည်။

သို့ပါ၍ ဆရာများအနေဖြင့် အနုပညာ(ဂီတ)ဘာသာရပ်ကို သင်ကြားရာတွင် ထိရောက်မှုရှိစေရန် သင်ခန်းစာအလိုက် ပြုစုထားသည့် ဆရာလမ်းညွှန်စာအုပ်ပါ အကြောင်းအရာများကို ကြိုတင်ဖတ်ရှု ပြင်ဆင်ထားရန် လိုအပ်ပါသည်။

အနုပညာ(ဂီတ)ဘာသာရပ်၏ စာသင်ချိန်တစ်ချိန်မှာ မိနစ် ၄၀ ဖြစ်ပြီး ယေဘုယျအားဖြင့် သင်ခန်းစာများကို နိဒါန်း၊ သင်ကြားသင်ယူမှု လုပ်ငန်းစဉ်နှင့် နိဂုံးဟူ၍ အပိုင်း ၃ ပိုင်း ခွဲကာ ဖော်ပြထားပါသည်။

နိဒါန်းပိုင်းကို ကလေးများ၏ လေ့လာသင်ယူလိုစိတ်ပိုမိုဖြစ်ထွန်းလာစေရန် ကောင်းမွန်စွာ ပြင်ဆင်ထားရပါမည်။ သို့မှသာ သင်ကြားပြသရာတွင် ကလေးများ၏စိတ်ဝင်စားမှုကို ကောင်းစွာရရှိနိုင်ပြီး သင်ခန်းစာကိုလည်း ထိရောက်အောင်မြင်စွာ သင်ကြားနိုင်ရန်အစပျိုးနိုင်မည်ဖြစ်ပါသည်။ နိဒါန်းပိုင်းတွင် အချိန် ၅ မိနစ်မှ ၇ မိနစ်ခန့်သုံးသင့်ပါသည်။

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်သည် သင်ခန်းစာတစ်ခုလုံး၏ အရေးကြီးသော အစိတ်အပိုင်းဖြစ်ပါသည်။ ဤလုပ်ငန်းစဉ်တွင် ကလေးများကို မည်ကဲ့သို့ သရုပ်ဖော်သီဆိုကပြမည်ကို စဉ်းစားစေခြင်း၊ ကလေးအချင်းချင်း အပြန်အလှန်ဆွေးနွေးစေခြင်းတို့ပါဝင်သဖြင့် ဆရာနှင့် ကလေးများအတွက် အလွန်အရေးပါသော လုပ်ငန်းဖြစ်ပါသည်။ ထိုလုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ရန် ဆရာများအနေဖြင့် ကလေးများကို လွတ်လပ်စွာ စဉ်းစားခွင့်၊ ဆွေးနွေးခွင့်များ ပေးရပါမည်။ စာသင်ခန်းအတွင်း အများနှင့်မတူ စဉ်းစားတွေးခေါ်တတ်သော၊ တင်ဆက်ပြသတတ်သော ကလေးများရှိခဲ့ပါက ထိုကလေးများ၏ တွေးခေါ်မှုနှင့် တင်ဆက်ပြသမှုများကို အခြားကလေးများကို လေ့လာစေပါမည်။ ဆရာများအနေဖြင့် ကလေးအချင်းချင်း ပူးပေါင်းဆောင်ရွက်ကာ လေ့လာသင်ယူခြင်းကို အားပေးသင်ကြားခြင်းမှာလည်း အရေးကြီးပါသည်။ တစ်ဖန်တတိယတန်းမှစ၍ အသစ်ပါဝင်လာသော ဂီတသင်္ကေတများမှာ အနည်းငယ်စီ တိုးလာကာ၊ အဆို နှင့် ပလွေ သီဆိုတီးမှုတ်ခြင်း စွမ်းရည်များ လိုအပ်လာပါသည်။ ထို့အတွက် သီဆိုတီးမှုတ်ပုံကို သင်ယူတတ်မြောက်နိုင်ရန်အတွက် လေ့ကျင့်ချိန်များ သတ်မှတ်ထားရန် အရေးကြီးပါသည်။

စာသင်ချိန်တစ်ချိန် ပြီးဆုံးသွားသည့်အချိန်တိုင်း ကလေးများသည် ပြန်လည်သုံးသပ်သည့်အနေဖြင့် လေ့လာသင်ယူခဲ့သော အကြောင်းအရာများကို အဖွဲ့လိုက်သော်လည်းကောင်း၊ စုပေါင်း၍သော်လည်းကောင်း ဆောင်ရွက်ရသည့်လုပ်ငန်းများဖြင့် သင်ခန်းစာကို နိဂုံးချုပ်ထားပါသည်။

ဆရာများအနေဖြင့် သင်ခန်းစာ လေ့ကျင့်သင်ကြားရာတွင် ဆရာကိုင်စာအုပ်တွင်ထည့်သွင်းရေးသားထားသော လုပ်ငန်းများအပြင် ပိုမိုကောင်းမွန်သည့် အကြံဉာဏ်များရှိပါက ယင်းအကြံဉာဏ်များကိုပါ ထည့်သွင်း၍ လေ့ကျင့်သင်ကြားပေးနိုင်ပါသည်။

ကျောင်းသားကိုင်စာအုပ်တွင် ဆက်လက်လေ့ကျင့်ရန် သီချင်းများကို အောက်ပါ ရည်ရွယ်ချက် ၃ ခု ဖြင့် ထည့်သွင်းဖော်ပြထားပါသည်-

- တတိယတန်းတွင် အသစ်ပါသော ဂီတသင်္ကေတအသုံးအနှုန်းများကို ဆက်လက်လေ့ကျင့်ပြီး ပိုမိုကျွမ်းကျင်စေရန်
- သင်ခန်းစာများသင်ယူရာတွင် သတ်မှတ်အချိန်ထက် ပိုမိုစောလျင်စွာ ကလေးများ တတ်မြောက်ခဲ့ပါက တိုးချဲ့လေ့ကျင့်နိုင်ရန်
- ကျောင်းသားကိုင်စာအုပ်ပါ သင်ခန်းစာများဖြင့် သင်ယူရာတွင် အခက်အခဲရှိသောကလေးများအတွက် လွယ်ကူသောသီချင်းများဖြင့် အခြေခံကို လေ့လာသင်ယူနိုင်ရန်

ဥပမာ-

(၁) **'ဒိုးပတ်သံ'** - ပထမစည်းချက် မဟုတ်သော စည်းချက်မှ စတင်သီဆိုသည့် 'Auftakt' ၏ သီဆိုပုံ၊ 'Eighth Rest' သင်္ကေတတို့နှင့် ရင်းနှီးကျွမ်းဝင်မှုရှိစေမည်။ (တိုးချဲ့ လေ့ကျင့်ရန် သင်ခန်းစာ)

(၂) **'တို့ရဲ့ ကမ္ဘာမြေ'** - (ဒေါ့ ဒါ)အသံဖြင့် Rhythm ပုံစံ ရွတ်ဆိုပုံနှင့် ရင်းနှီးကျွမ်းဝင်မှုရှိစေမည်။ (ဖြည့်စွက်လေ့ကျင့်ရန် သင်ခန်းစာ)

(၃) **'လာပါကွယ်'** - (ဒို~လာ)အထိပါသော လက်ပေါက်များနှင့် ရင်းနှီးကျွမ်းဝင်မှု ရှိစေမည်။ (ဖြည့်စွက်လေ့ကျင့်ရန် သင်ခန်းစာ)

(၄) **'လပြည့်ည စိတ်ကူး'** - ပလွေဖြင့် မိတ်ဖက်သံစဉ် ၂ ခု တီးမှုတ်ပုံနှင့် ရင်းနှီးကျွမ်းဝင်မှု ရှိစေမည်။ (ဖြည့်စွက်လေ့ကျင့်ရန် သင်ခန်းစာ)

ဆရာသည် ကလေးများ၏ အခြေအနေပေါ်မူတည်၍ ဤသင်ခန်းစာများကို ဆက်လက်သင်ကြားပေးနိုင်ပါသည်။

DBE Box - Copyright Protected

## ၅။ စစ်ဆေးအကဲဖြတ်ခြင်း

စစ်ဆေးအကဲဖြတ်ခြင်းဆိုသည်မှာ စာသင်ချိန်အတွင်း ကလေးများ မည်မျှတတ်မြောက်မှုရှိသည်၊ မည်သည့်နေရာများ၌ လိုအပ်နေသည်ကို သိရှိစေရန် စစ်ဆေးအကဲဖြတ်ခြင်းဖြစ်သည်။ ကလေးများ ပိုမိုကောင်းမွန်စွာ လေ့လာသင်ယူနိုင်စေရန်အတွက် အရေးကြီးသော လုပ်ငန်းစဉ်တစ်ခုလည်းဖြစ်ပါသည်။

စစ်ဆေးအကဲဖြတ်ခြင်းကို စာသင်ချိန်မတိုင်မီ၊ စာသင်ချိန်အတွင်း၊ စာသင်ချိန် ပြီးဆုံးချိန် စသည့်အချိန်များတွင် ပုံစံအမျိုးမျိုးဖြင့် ပြုလုပ်ကြသည်။ စစ်ဆေးအကဲဖြတ်ခြင်းဖြင့် ဆရာက သင်ခန်းစာတစ်ခုအား မည်မျှပေါက်မြောက်အောင် သင်ကြားပေးနိုင်သည်ကို သိရှိနိုင်သကဲ့သို့၊ ကလေးများအနေဖြင့်လည်း မည်မျှလေ့လာ သင်ယူရရှိနိုင်သည်ကို သိရှိနိုင်ပါသည်။ စစ်ဆေးအကဲဖြတ်ခြင်းဖြင့် သင်ခန်းစာ၏ ရည်ရွယ်ချက်ပေါက်မြောက်မှု ရှိ မရှိကို သိရှိနိုင်ပါသည်။ စစ်ဆေးအကဲဖြတ်ခြင်း၏ ရလဒ်အပေါ် မူတည်၍ ဆရာက သင်ကြားမှုပုံစံနှင့် သင်ကြားနည်းများ ပြောင်းလဲခြင်း၊ ကလေးများကို ပံ့ပိုးကူညီခြင်းတို့ဖြင့် ပိုမိုကောင်းမွန်သော လေ့လာသင်ယူမှုကို ဖြစ်စေပါသည်။

အနုပညာ(ဂီတ)ဘာသာရပ်တွင် စိတ်ပါဝင်စားမှု၊သင်ယူလိုမှု၊အပြုအမူ၊ တီထွင်ဖန်တီးနိုင်မှု၊ အသိပညာ၊ ကျွမ်းကျင်မှု စသည်တို့ကို စစ်ဆေးအကဲဖြတ်ရပါမည်။

၁။ စိတ်ပါဝင်စားမှုကို စစ်ဆေးအကဲဖြတ်ရာတွင် ဂီတသင်ခန်းစာများကို ကလေးများအနေဖြင့် လေ့လာသင်ယူလိုစိတ်နှင့် စိတ်ဝင်စားမှု မည်မျှရှိပြီး လေ့လာသင်ယူနေသည်ကို စစ်ဆေးအကဲဖြတ်ခြင်းဖြစ်ပါသည်။


၂။ တီထွင်ဖန်တီးသရုပ်ဖော်နိုင်မှုကို စစ်ဆေးအကဲဖြတ်ရာတွင် မည်ကဲ့သို့သရုပ်ဖော် သီဆိုတီးမှုတ် ကပြမည်တို့ကို စဉ်းစားပြီး နည်းလမ်းများ တီထွင်ကာ လုပ်သော အနုပညာဂီတကို တီထွင်ဖန်တီးရန် ကြိုးစားမှု ရှိ မရှိ အကဲဖြတ်ခြင်းဖြစ်ပါသည်။

၃။ အသိပညာ၊ ကျွမ်းကျင်မှုကို စစ်ဆေးအကဲဖြတ်ရာတွင် အဆို၊ အက၊ အတီးဆိုင်ရာ အရေးပါသောဗဟုသုတများနှင့် အနုပညာစွမ်းရည်များ မည်မျှရရှိသည်ကို အကဲဖြတ်ခြင်းဖြစ်ပါသည်။

၎င်းစစ်ဆေးအကဲဖြတ်မှုများကို ပြုလုပ်ရာတွင် ကိုးကားနိုင်ရန်အတွက် အခန်းတစ်ခုချင်းစီတွင် အသုံးပြုရမည့် စစ်ဆေးအကဲဖြတ်မှု အခြေခံစံနှုန်းကို ဆရာလမ်းညွှန်စာအုပ်တွင် ထည့်သွင်းဖော်ပြထားပါသည်။ စစ်ဆေးအကဲဖြတ်မှု အခြေခံစံနှုန်း နမူနာပုံစံကိုလည်း အောက်တွင် ဖော်ပြထားပါသည်။ တစ်ဖန် တတိယတန်းမှစ၍ သင်ယူပြီးသော ဂီတသင်္ကေတ စသည်တို့၏ အသိပညာ၊ကျွမ်းကျင်မှုနှင့် စပ်လျဉ်း၍ မှတ်မိခြင်း၊ နားလည်ခြင်းနှင့် အသုံးချခြင်း တို့ကို စစ်ဆေးအကဲဖြတ်သော မေးခွန်းပုံစံများကိုလည်း နမူနာမေးခွန်းပုံစံများတွင် ထည့်သွင်းဖော်ပြထားပါသည်။ သင်ခန်းစာအဆုံးတွင် ကလေးများ၏ အသိပညာ၊ ကျွမ်းကျင်မှုတို့ကို စစ်ဆေးအကဲဖြတ်ရာတွင် အသုံးချနိုင်ပါသည်။ အသေးစိတ်ကို မူလတန်းအဆင့် စာသင်ခန်းတွင်း စစ်ဆေးအကဲဖြတ်ခြင်းဆိုင်ရာ ရည်ညွှန်းစာအုပ်ကို ကိုးကားကြည့်ရှုနိုင်ပါသည်။

DBE Box - Copyright Protected

**မေးခွန်းပုံစံဖြင့် စစ်ဆေးအကဲဖြတ်ခြင်း (နမူနာ-၁)**

| | |
|---|---|
| တတိယတန်း | အနုပညာ (ဂီတ) |
| သင်ခန်းစာ | အခန်း (၅) အားလုံးလှ |
| သင်ယူမှုဦးတည်ချက် | နိုင်ငံတကာသုံး သင်္ကေတတွင် ပါဝင်သော Staccato(အသံတို၊ အသံပြတ် သင်္ကေတ)ကို အသုံးပြုတတ်ရန် |
| သိမှုအဆင့် | မှတ်မိခြင်း |
| မေးခွန်းပုံစံ | ရေးဖြေ (အပိတ်မေးခွန်း) |
| မေးခွန်း - အောက်ပါ ဘားအတွင်းရှိ ဆို နှင့် လာ တွင်ပါသော အစက်သင်္ကေတကို မည်သို့ခေါ်သနည်း။  နမူနာအဖြေ - Staccato (စတက်ကာတို) | |

| | |
|---|---|
| သိမှုအဆင့် | မှတ်မိခြင်း |
| မေးခွန်းပုံစံ | ရေးဖြေ (အပိတ်မေးခွန်း) |


မေးခွန်း - အောက်တွင် အစက်ပါသော သင်္ကေတကို ပလွေဖြင့် မည်သို့မှုတ်ရသနည်း။

နမူနာအဖြေ - လျှာအနေအထားမှန်မှန်ဖြင့် အသံကို အတိုဖြတ်ပြီး မှုတ်ရပါမည်။

မှတ်ချက် - ကလေးနားလည်သလို ဖြေဆိုမှုကို လက်ခံပေးပါ။

| | |
|---|---|
| သိမှုအဆင့် | အသုံးချခြင်း |
| မေးခွန်းပုံစံ | လက်တွေ့လုပ်ဆောင်စေခြင်း |

မေးခွန်း - အောက်ပါ သင်္ကေတကို ပလွေဖြင့် မှုတ်ပြပါ။



အဖြေစစ်ဆေးရန် - Staccato (စတက်ကာတို) သင်္ကေတကို မှန်ကန်စွာ မှုတ်နိုင်ခြင်း ရှိ မရှိကို ဆရာက စစ်ဆေးရမည်။


မှတ်ချက် - တတိယတန်းကျောင်းသုံးစာအုပ်၏ နောက်ဆုံးစာမျက်နှာရှိ သင်ခန်းစာအနှစ်ချုပ်တွင်ပါရှိသော ဂီတသင်္ကေတများကို အသုံးပြု၍လည်း စစ်ဆေးအကဲဖြတ်နိုင်ပါသည်။ မိမိကိုယ်တိုင် မေးခွန်းတည်ဆောက်၍လည်း အထက်ပါပုံစံများအတိုင်း စစ်ဆေးအကဲဖြတ်နိုင်ပါသည်။

DBE Box - Copyright Protected

**မေးခွန်းပုံစံဖြင့် စစ်ဆေးအကဲဖြတ်ခြင်း (နမူနာ-၂)**

| | |
|---|---|
| တတိယတန်း | အနုပညာ (ဂီတ) |
| သင်ခန်းစာ | အခန်း (၆) ငြိမ်းချမ်းတဲ့ မြန်မာပြည် |
| သင်ယူမှုဦးတည်ချက် | နိုင်ငံတကာသုံး သင်္ကေတတွင် ပါဝင်သော Slur (အသံရှိန်ကူးဆက် သင်္ကေတများ)ကို အသုံးပြုတတ်ရန် |
| သိမှုအဆင့် | မှတ်မိခြင်း |
| မေးခွန်းပုံစံ | ရေးဖြေ (အမှန်ရွေးမေးခွန်း) |

မေးခွန်း - အောက်ပါသင်္ကေတများတွင် Slur (စလား)ပါသော ဘားကို ရွေးပါ။ (A/B/C)




နမူနာအဖြေ - (C)

| | |
|---|---|
| သိမှုအဆင့် | နားလည်ခြင်း |
| မေးခွန်းပုံစံ | နှုတ်ဖြေ / ရေးဖြေ / လက်တွေ့လုပ်ဆောင်စေခြင်း |


မေးခွန်း - Slur (စလား) သင်္ကေတကို မည်သို့မှုတ်ရသနည်း။

နမူနာအဖြေ - Slur (စလား) သင်္ကေတဖြင့် ဆက်ထားသော အသံနှစ်သံကို တစ်ဆက်တည်း ချောမွေ့စွာ မှုတ်ရပါမည်။

မှတ်ချက် - ကလေးနားလည်သလို ဖြေဆိုမှုကို လက်ခံပေးပါ။

| | |
|---|---|
| သိမှုအဆင့် | အသုံးချခြင်း |
| မေးခွန်းပုံစံ | လက်တွေ့လုပ်ဆောင်စေခြင်း |

မေးခွန်း - အောက်ပါ သင်္ကေတကို ပလွေဖြင့် မှုတ်ပြပါ။



အဖြေစစ်ဆေးရန် - Slur (စလား) သင်္ကေတကို မှန်ကန်စွာ မှုတ်နိုင်ခြင်း ရှိ မရှိကို ဆရာက စစ်ဆေးရမည်။

မှတ်ချက် - တတိယတန်းကျောင်းသုံးစာအုပ်၏ နောက်ဆုံးစာမျက်နှာရှိ သင်ခန်းစာအနှစ်ချုပ်တွင်ပါရှိသော ဂီတသင်္ကေတများကို အသုံးပြု၍လည်း စစ်ဆေးအကဲဖြတ်နိုင်ပါသည်။ မိမိကိုယ်တိုင် မေးခွန်းတည်ဆောက်၍လည်း အထက်ပါပုံစံများအတိုင်း စစ်ဆေးအကဲဖြတ်နိုင်ပါသည်။

**Rubric ဖြင့် စစ်ဆေးအကဲဖြတ်ခြင်း (နမူနာ–၁)**

| | |
|---|---|
| တတိယတန်း | အနုပညာ (ဂီတ) |
| သင်ခန်းစာ | အခန်း (၂) ချစ်စရာတောသူလေးနဲ့ ဝက်ဝံလေး |
| သင်ယူမှုဦးတည်ချက် | တေးကဗျာ၏ ပျော်ရွှင်စရာ၊ စိတ်ဝင်စားစရာတို့ကို သိရှိပြီး အသံတူထပ်ဆင့်၍ ပျော်ရွှင်စွာ သရုပ်ဖော် သီဆိုတတ်ရန် |

DBE Box Copyright Protected

**လုပ်ငန်း** – တေးကဗျာကို သံစဉ်ဖြင့် သီဆိုသရုပ်ဖော်ခြင်း။

| စစ်ဆေးမည့်အချက် | ကောင်း | သင့် | ထပ်မံကြိုးစားရန် |
|---|---|---|---|
| စိတ်ပါဝင်စားစွာ လုပ်ဆောင်မှု (သဘောထား) | တေးကဗျာကို အစအဆုံးစိတ်ရော ကိုယ်ပါ ခံစားသက်ဝင်လုပ်ဆောင်နိုင်သည်။ | တေးကဗျာကို အစအဆုံး စိတ်ဝင်စားစွာ ပါဝင်လုပ်ဆောင်သည်။ | တေးကဗျာကို အစအဆုံး ပါဝင် မလုပ်ဆောင်နိုင်ပါ။ |
| အမူအရာနှင့် သရုပ်ဖော်နိုင်ပြီး ပျော်ရွှင်စွာဖြင့် အသံတူထပ်ဆင့် သီဆိုနိုင်ခြင်း (အသိပညာနှင့် တီထွင်ဖန်တီးနိုင်မှု) | စာသားအဓိပ္ပာယ်ကို ပိုမိုပေါ်လွင်အောင် တီထွင်၍ သရုပ်ဖော်နိုင်ပြီး ပျော်ရွှင်စွာဖြင့် အသံတူထပ်ဆင့်၍ သီဆိုနိုင်သည်။ | စာသားအဓိပ္ပာယ်နှင့် ညီအောင် သရုပ်ဖော်နိုင်ပြီး အသံတူထပ်ဆင့်၍ သီဆိုနိုင်သည်။ | စာသားအဓိပ္ပာယ်နှင့် ညီအောင် သရုပ်ဖော်နိုင်ခြင်း မရှိပါ။ |
| စည်းဝါးနှင့် သံစဉ်မှန်ကန်မှု (အသိပညာနှင့် ကျွမ်းကျင်မှု) | တေးသံစဉ်မှန်ကန်ပြီး စည်းဝါးနှင့် ညီအောင် သီဆိုနိုင်သည်။ | တေးသံစဉ်မှန်ကန်စွာ သီဆိုနိုင်သည်။ | တေးသံစဉ်မှန်ကန်စွာ သီဆိုနိုင်ခြင်းမရှိပါ။ |

**Rubric ဖြင့် စစ်ဆေးအကဲဖြတ်ခြင်း (နမူနာ-၂)**

| | |
|---|---|
| တတိယတန်း | အနုပညာ (ဂီတ) |
| သင်ခန်းစာ | အခန်း (၄) စည်းဝါး(ခြေနောက်ထိုး)အက |
| သင်ယူမှုဦးတည်ချက် | စည်းဝါး (ခြေရှေ့ထိုး) နှင့် စည်းဝါး (ခြေနောက်ထိုး) အကများအပြင် သင်ကြားခဲ့ဖူးသော အကများကို ပေါင်းစပ်ကာ အဖွဲ့လိုက် စည်းဝါးတကျ ပျော်ရွှင်စွာ ကတတ်ရန် |

**လုပ်ငန်း** – စည်းဝါး (ခြေရှေ့ထိုး၊ ခြေနောက်ထိုး)နှင့် ယမန်နှစ်ကသင်ခဲ့ဖူးသော အကတို့ကို ပေါင်းစပ်၍ ကစေခြင်း။

| စစ်ဆေးမည့်အချက် | ကောင်း | သင့် | ထပ်မံကြိုးစားရန် |
|---|---|---|---|
| စိတ်ပါဝင်စားစွာ လုပ်ဆောင်မှု (သဘောထား) | ပျော်ရွှင်စွာဖြင့် ပြုံး၍ စိတ်ပါလက်ပါ ကသည်။ | ပျော်ရွှင်စွာဖြင့်ကသည်။ | စိတ်ဝင်စားမှု မရှိပါ။ |
| ပေါင်းစပ်ကနိုင်မှု (ကျွမ်းကျင်မှု၊ တီထွင်ဖန်တီးနိုင်မှု) | သင်ခဲ့ပြီးသော (ခေါင်း၊ လက်၊ ခြေ) အကများကို ပေါင်းစပ်တီထွင်၍ စည်းဝါးကျစွာကနိုင်သည်။ | သင်ခဲ့ပြီးသော (ခေါင်း၊ လက်၊ ခြေ) အကများကို ပေါင်းစပ်၍ က နိုင်သည်။ | သင်ခဲ့ပြီးသော (ခေါင်း၊ လက်၊ ခြေ) အကများကို ပေါင်းစပ်၍ မကနိုင်ပါ။ |
| အကအဆင့် မှန်ကန်မှု (အသိပညာနှင့် ကျွမ်းကျင်မှု) | သင်ခဲ့ပြီးသော (ခေါင်း၊ လက်၊ ခြေ) အကတစ်ခုချင်းစီကို စည်းဝါးတကျ မှန်ကန်စွာ ကနိုင်သည်။ | သင်ခဲ့ပြီးသော (ခေါင်း၊ လက်၊ ခြေ) အကတစ်ခုချင်းစီကို လှုပ်ရှားမှု မှန်ကန်စွာ ကနိုင်သည်။ | သင်ခဲ့ပြီးသော (ခေါင်း၊ လက်၊ ခြေ) အကတစ်ခု ချင်းစီကို မကနိုင်ပါ။ |

DBE Box - Copyright Protected

# သင်ကြားမှုအစီအစဉ်နှင့် ဆရာလမ်းညွှန်

## ၂.၁။ အခန်း(၁) တစ်ကိုယ်ရေသန့်ရှင်းကျန်းမာခြင်း

တတိယတန်း (ဇွန်လ ပထမပတ်မှ ဇူလိုင်လ ပထမပတ်အထိ)

| | |
|---|---|
| သင်ခန်းစာခေါင်းစဉ် | တစ်ကိုယ်ရေသန့်ရှင်းကျန်းမာခြင်း |
| ရည်ရွယ်ချက် | တေးကဗျာ၏အဓိပ္ပာယ်ကို သိရှိပြီး ဟန်အမူအရာဖြင့် ခံစားသီဆိုတတ်ရန်ဖြစ်သည်။ |
| သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ | ကျောင်းသုံးစာအုပ်၊ သင်ထောက်ကူကားချပ်များ၊ (မီနင် (Minim) Whole Note ၏ Flash Card)။ |
| သင်ကြားမည့် အကြောင်းအရာ | - တေးစာသား၏ အဓိပ္ပာယ်ကို သိရှိနားလည်ပြီး၊ အသံနေအသံထား မှန်ကန်စွာဖြင့် စိတ်ရောကိုယ်ပါ သီဆိုမည်။<br>- ဂီတသင်္ကေတကို လေးချက်စည်းဖြင့် အသံနေအသံထား မှန်ကန်စွာ သီဆိုမည်။<br>- တေးကဗျာစာသားနှင့် ဂီတသင်္ကေတကို ပြန်လည်လေ့ကျင့်ကာ အဖွဲ့လိုက်တစ်လှည့်စီ သီဆိုမည်။<br>- နှစ်ယောက်တစ်တွဲ တွဲကာ သီချင်းစာသားနှင့် ကိုက်ညီမည့် လှုပ်ရှားမှုများပြုလုပ်ကာ ညီညာစွာသီဆိုမည်။<br>- တေးကဗျာနှင့် လိုက်ဖက်မည့် လှုပ်ရှားသရုပ်ဖော်ပုံကို စဉ်းစားပြီး အဖွဲ့လိုက်ခံစားသီဆိုသရုပ်ဖော်မည်။<br>ဤသင်ခန်းစာတွင် အမူအရာပြုလုပ်ပြီး စည်းချက်ကျကျ ပျော်ရွှင်စွာ သီဆိုခြင်းမှာ အရေးကြီးပါသည်။ စာသင်ချိန် (၁)၊ (၂)နှင့် (၃)တွင် သီချင်းစာသားကို သိရှိနားလည်ကာ တေးကဗျာနှင့် ဂီတသင်္ကေတကို အသံနေအသံထား မှန်ကန်စွာ သီဆိုမည်။ စာသင်ချိန် (၄)တွင် နှစ်ယောက်တစ်တွဲ တွဲပြီး စာသားအဓိပ္ပာယ်ကို ဟန်အမူအရာပြုလုပ်၍ သရုပ်ဖော်မည်။ စာသင်ချိန် (၅)တွင် ရိုက်ချက်လေးချက် အသံအရှည်ရှိသော Whole Note ကို သတိထားကာ အဖွဲ့လိုက်သီဆိုဖျော်ဖြေမည်။ |
| စုစုပေါင်းသင်ကြားချိန် | စာသင်ချိန် ၅ ချိန် |

| စာသင်ချိန် | သင်ယူမှုဦးတည်ချက် | စစ်ဆေးအကဲဖြတ်ချက် (သင့်အဆင့်) |
|---|---|---|
| ၁။ | တေးစာသား၏ အဓိပ္ပာယ်ကိုသိရှိပြီး အသံနေအသံထား မှန်ကန်စွာ စိတ်ရောကိုယ်ပါ သီဆိုတတ်ရန်။ | တေးစာသား၏ အဓိပ္ပာယ်ကိုသိရှိပြီး အသံနေအသံထား မှန်ကန်စွာ စိတ်ရောကိုယ်ပါ သီဆိုနိုင်သည်။ |
| ၂။ | ဂီတသင်္ကေတကို အသံနေအသံထား မှန်ကန်စွာဖြင့် လေးချက်စည်းနှင့်အညီ သီဆိုတတ်ရန်။ | ဂီတသင်္ကေတကို အသံနေအသံထား မှန်ကန်စွာဖြင့် လေးချက်စည်းနှင့်အညီ သီဆိုနိုင်သည်။ |
| ၃။ | သင်္ကေတနှင့်စာသားကို အသံနေအသံထားမှန်ကန်စွာဖြင့် အဖွဲ့လိုက် သီဆိုတတ်ရန်။ | သင်္ကေတနှင့်စာသားကို အသံနေအသံထားမှန်ကန်စွာဖြင့် အဖွဲ့လိုက် သီဆိုနိုင်သည်။ |
| ၄။ | တေးကဗျာကို ဟန်အမူအရာဖြင့် ညီညာစွာ သီဆိုတတ်စေရန်။ | တေးကဗျာကို ဟန်အမူအရာဖြင့် ညီညာစွာ သီဆိုနိုင်သည်။ |
| ၅။ | တေးကဗျာနှင့် လိုက်ဖက်မည့် ဟန်အမူအရာများကို အဖွဲ့လိုက် ဆွေးနွေးတိုင်ပင်ပြီး ခံစားသီဆိုသရုပ်ဖော်တတ်ရန်။ | တေးကဗျာနှင့်လိုက်ဖက်မည့် ဟန်အမူအရာများကို အဖွဲ့လိုက် ဆွေးနွေးတိုင်ပင်ပြီး ခံစားသီဆိုသရုပ်ဖော်နိုင်သည်။ |

PDF Box - Copyright Protected

## အခန်း(၁) တစ်ကိုယ်ရေသန့်ရှင်းကျန်းမာခြင်း

**ရည်ရွယ်ချက်** – တေးကဗျာ၏အဓိပ္ပာယ်ကိုသိရှိပြီး ဟန်အမူအရာဖြင့် သီဆိုခံစား သရုပ်ဖော်တတ်ရန်ဖြစ်သည်။

**စာသင်ချိန်** – ၁/၅

### သင်ယူမှုဦးတည်ချက်

တေးစာသား၏ အဓိပ္ပာယ်ကို သိရှိပြီး အသံနေအသံထားမှန်ကန်စွာ စိတ်ရောကိုယ်ပါ သီဆိုတတ်ရန်။

### သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ

ကျောင်းသုံးစာအုပ်၊ သင်ထောက်ကူကားချပ်။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း**

- ဆရာက ကလေးများကို အောက်ပါမေးခွန်းများ မေး၍ သင်ခန်းစာကို နိဒါန်းပျိုးပါမည်။
- ‘သားတို့ သမီးတို့ မနက်ခင်းအိပ်ရာထရင် ဘာတွေလုပ်သလဲ။ ကိုယ့်ကိုယ်ကိုယ်သန့်ရှင်းအောင် ဘာတွေလုပ်သလဲ။ မသန့်ရှင်းရင် ဘာတွေဖြစ်နိုင်သလဲ’ စသည်တို့ကို မေး၍ အစပျိုးပါမည်။ ကလေး (၃-၄) ဦးခန့်ကို ဖြေဆိုစေပါမည်။(၅ မိနစ်)

**လုပ်ငန်းစဉ်**

- ဆရာက ‘တစ်ကိုယ်ရေသန့်ရှင်းကျန်းမာခြင်း’ တေးကဗျာ၏ သင်ထောက်ကူကားချပ် သို့မဟုတ် ကျောင်းသုံးစာအုပ်ကို ပြ၍ သီချင်းစာသား တစ်ပိုဒ်စီကို ရွတ်ပြပြီး အဓိပ္ပာယ်ကို ဆွေးနွေးမေးမြန်းပါမည်။ ကလေးများ ပိုမိုနားလည်စေရန် ဆရာက ဖြည့်စွက်ရှင်းလင်းပေးရပါမည်။
- ‘ကဲ သားသားမီးမီးတို့ ကျန်းမာအောင် သန့်သန့်ရှင်းရှင်းနဲ့ ဘယ်လိုနေထိုင်စားသောက်ရမယ်ဆိုတဲ့အကြောင်းပါတဲ့ တေးကဗျာလေးကို ဆိုပြမယ်’ ဟု ပြောပြီး ဆရာက အသံနေအသံထား မှန်ကန်စွာဖြင့် အမူအရာများပြုလုပ်၍ နှစ်ကြိမ်ခန့် သီဆိုပြပါမည်။
- ထို့နောက် ဆရာက တေးကဗျာစာသား နှစ်ကြောင်းစီကို ဆိုပြပြီး ကလေးများကို လိုက်ဆိုစေပါမည်။
- ပထမပိုဒ်အဆုံးထိရလျှင် အစမှနေ၍ ပထမပိုဒ် တစ်ပိုဒ်လုံးကို ဆရာနှင့်အတူ သီဆိုစေပါမည်။
- အထက်ပါအတိုင်း ဒုတိယပိုဒ်ကို ဆက်လက်သင်ကြားပေးပြီး သီဆိုစေပါမည်။
- ဒုတိယပိုဒ် အဆုံးထိရလျှင် ဆရာနှင့်အတူ ကလေးများအားလုံး သီဆိုစေပါမည်။ ဆရာနှင့်အတူသီဆိုနေချိန်တွင် ပထမပိုဒ်ကို နှစ်ကျော့သီဆိုရမည်ဖြစ်ကြောင်းရှင်းပြရပါမည်။ ပြီးလျှင်ကလေးများကိုယ်တိုင် အစမှအဆုံးထိ သီဆိုစေပါမည်။
- ဆရာက ကလေးများကို တေးကဗျာ၏ အဓိပ္ပာယ်ကို စဉ်းစားစေပြီး ဘယ်လိုနေထိုင်စားသောက်ရမလဲဟု မေးပါမည်။ တေးကဗျာ၏ အဓိပ္ပာယ်ကို နားလည်စေပြီးမှ နောက်တစ်ကြိမ် ခံစားသီဆိုစေပါမည်။(၂၅ မိနစ်)

**နိဂုံး**

- အတန်းရှိကျောင်းသားဦးရေအပေါ် မူတည်၍ သင့်လျော်သလို အဖွဲ့ဖွဲ့ပြီး တစ်ဖွဲ့ချင်းစီကို တေးကဗျာကို သီဆိုစေပါမည်။ တစ်ဖွဲ့က သီဆိုနေစဉ် ကျန်အဖွဲ့များက ဆရာနှင့်အတူ စည်းချက်လိုက်ရင်း ကြည့်ရှုအားပေးပါမည်။(၁၀ မိနစ်)

---

အခန်း(၁) တစ်ကိုယ်ရေသန့်ရှင်းကျန်းမာခြင်း

**အခန်း(၁) တစ်ကိုယ်ရေသန့်ရှင်းကျန်းမာခြင်း**

**တေးကဗျာကို ပျော်ပျော်ရွှင်ရွှင် သီဆိုကြစို့**

**တစ်ကိုယ်ရေသန့်ရှင်းကျန်းမာခြင်း**

တေးကဗျာ - အမည်မသိတေးရေးသူ

ရောင်နီလာပြီ ထမယ်ကွယ်  
သားသား/မီးမီး သွားတိုက်မယ်  
ဖြူဖြူစင်စင် ဝတ်ကာရယ်  
ကျောင်းသွားကြမယ်  
စာသင်ခန်းကို ဝင်ရင်ကွယ်  
သားသား မီးမီး စည်းကမ်းရှိပါ့မယ်

ကျောင်းပတ်ဝန်းကျင် သာယာအောင်ကွယ်  
ဝိုင်းဝန်းလုပ်ကြမယ်  
သောက်သုံးရေများ သန့်ရှင်းမှုကွယ်  
တို့များကျန်းမာမယ်  
သန့်စင်တဲ့ မုန့်ကိုကွယ်  
စားရင်တကယ် ကျန်းမာမယ်  
ထာဝစဉ်သာပင်တကယ်  
ပျော်ရွှင်စွာပင် ကြိုးစားမယ်။



၁


### သတိပြုရမည့်အချက်များ


- ပထမဆုံး သင်ခန်းစာဖြစ်၍ ပျော်ရွှင်စွာ သီဆိုနိုင်စေရန် သင်ကြားပေးရပါမည်။
- တေးကဗျာ၏ အဓိပ္ပာယ်ကို ကလေးများ ပျော်ရွှင်စွာ နားလည်သီဆိုနိုင်စေရန် ဆရာက ဟန်အမူအရာပြုလုပ်၍ သီဆိုပြရမည်။
- ကလေးများကို ဆရာလုပ်သည့်အတိုင်း လိုက်လုပ်စေသော်လည်း အတိအကျ လုပ်တတ်ရန် မလိုပါ။ ကလေးများ ကိုယ်ပိုင်ဟန်ဖြင့် လွတ်လပ်စွာ ပြုလုပ်စေပါမည်။
- ပထမပိုဒ် ဒုတိယစာကြောင်းတွင်ရှိသော သားသား၊ မီးမီးဆိုသည့် စာသားကို သီဆိုသည့်အခါ ယောကျ်ားလေးများက သားသားဟု သီဆိုရမည်ဖြစ်ပြီး မိန်းကလေးများက မီးမီးဟု သီဆိုရမည်ဖြစ်ပါသည်။ သို့သော် ပထမပိုဒ်၏ နောက်ဆုံးပိုင်းတွင်ရှိသော သားသားမီးမီးမှာမူ ယောကျ်ားလေးရော မိန်းကလေးပါ အတူရွတ်ဆိုရပါမည်။

### စစ်ဆေးအကဲဖြတ်ချက်

- တေးစာသား၏ အဓိပ္ပာယ်ကို သိရှိပြီး အသံနေအသံထား မှန်ကန်စွာဖြင့် စိတ်ရောကိုယ်ပါ ပျော်ရွှင်စွာ သီဆိုနိုင်သည်။ (A)
- တေးစာသား၏ အဓိပ္ပာယ်ကို သိရှိပြီး အသံနေအသံထား မှန်ကန်စွာဖြင့် စိတ်ရောကိုယ်ပါ သီဆိုနိုင်သည်။ (B)
- တေးစာသား၏ အဓိပ္ပာယ်ကို သိရှိပြီး အသံနေအသံထား မှန်ကန်စွာ မသီဆိုနိုင်ပါ။ (C)

DBE BOK -Copyright Protected





## အခန်း(၁) တစ်ကိုယ်ရေသန့်ရှင်းကျန်းမာခြင်း

**ရည်ရွယ်ချက်** – တေးကဗျာ၏အဓိပ္ပာယ်ကိုသိရှိပြီး ဟန်အမူအရာဖြင့် သီဆိုခံစား သရုပ်ဖော်တတ်ရန်ဖြစ်သည်။

**စာသင်ချိန်** – ၂/၅

### သင်ယူမှုဦးတည်ချက်

ဂီတသင်္ကေတကို အသံနေ အသံထား မှန်ကန်စွာဖြင့် လေးချက်စည်းနှင့်အညီ သီဆိုတတ်စေရန်။

### သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ

ကျောင်းသုံးစာအုပ်၊ သင်ထောက်ကူကားချပ်။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း**

- 'တစ်ကိုယ်ရေသန့်ရှင်းကျန်းမာခြင်း' တေးကဗျာကို လေးချက်စည်းဖြင့် စည်းချက်လိုက်ရင်း သီဆိုစေပါမည်။(၅ မိနစ်)

**လုပ်ငန်းစဉ်**

- ဆရာက တေးကဗျာ၏ ဘား(၁)မှ ဘား(၇)အထိ ဂီတသင်္ကေတဖြင့် သီဆိုပြပြီး ကလေးများကို နားထောင်စေပါမည်။
- ပြီးလျှင် သင်္ကေတနှစ်ဘားချင်းစီကို ဆရာက သီဆိုပြပြီးကလေးများကို လိုက်ဆိုစေပါမည်။
- ထို့နောက် ကလေးများကိုယ်တိုင် သီဆိုစေပါမည်။
- ဘား(၅)နှင့် ဘား(၆)ကို သင်ကြားသောအခါ ဘား(၇)ရှိ ရိုက်ချက် လေးချက်ပါသော **ဒိုး** အသံကို တစ်ဆက်တည်း သင်ကြားပေးရပါမည်။
- ရိုက်ချက်နှစ်ချက်စာရှိ 𝅗𝅥 (Half Note)နှင့် ရိုက်ချက်လေးချက်စာရှိ 𝅝 (Whole Note) ကို အသံပြည့်အောင်သီဆိုတတ်စေရန် သင်ကြားပေးရပါမည်။
- ဘား(၁)မှ ဘား(၇)အထိ ကလေးများ သီဆိုတတ်သွားပါက ပထမပိုဒ် ခုနစ်ဘားအား ဂီတသင်္ကေတဖြင့် တစ်ဆက်တည်း သီဆိုစေပါမည်။
- အထက်ပါအတိုင်း ကျန်သည့်ဘားများကို ဆက်လက်သင်ကြားပေးရပါမည်။
- ဘား(၈)မှ ဘား(၁၆)အထိ သီဆိုတတ်သွားပါက တေးကဗျာအစမှ အဆုံးထိ ဆရာနှင့်အတူ အသံနေအသံထားမှန်ကန်စွာဖြင့် သီဆိုစေပါမည်။(၂၅ မိနစ်)

**နိဂုံး**

- အဖွဲ့ နှစ်ဖွဲ့ဖွဲ့၍ တစ်ဖွဲ့ကို ဂီတသင်္ကေတဖြင့် သီဆိုစေကာ ကျန်တစ်ဖွဲ့ကို စည်းချက် လိုက်စေပါမည်။ ဤလုပ်ငန်းစဉ်ကို အလှည့်ကျ ပြောင်းလဲ၍ သီဆိုစေပါမည်။(၁၀ မိနစ်)

### သတိပြုရမည့်အချက်များ

- ပထမပိုဒ် ခုနစ်ဘားကို ပိုင်နိုင်စွာ ရပြီးမှသာ ဒုတိယပိုဒ် (၉) ဘားကို သင်ကြားပေးရပါမည်။
- သင်္ကေတအသံထွက် နှင့် အသံနေ အသံထား မှန်ကန်စွာ သီဆိုနိုင်ရန် အထပ်ထပ်လေ့ကျင့်ပေးရပါမည်။
- ဘား(၁၂)နှင့် ဘား(၁၃)ရှိ သင်္ကေတများသည် တဖြည်းဖြည်းနိမ့်ဆင်းသွားသော သင်္ကေတအသံထွက်များဖြစ်၍ မှန်ကန်စွာသီဆိုနိုင်ရန် ဂရုစိုက်၍ သင်ကြားပေးရပါမည်။
- ဒုတိယတန်းတွင် သင်ယူခဲ့သော ထပ်ကျော့သင်္ကေတ (Repeat) ကို ပြန်လည်ရှင်းပြပြီး ပထမပိုဒ် သင်္ကေတများကို နှစ်ကျော့ထပ်၍ သီဆိုရပါမည်။
- 𝅗𝅥 (Half Note)မှာ ရိုက်ချက် နှစ်ချက်စာရှိကြောင်းနှင့် 𝅝 (Whole Note)တွင် ရိုက်ချက် လေးချက်စာ အသံအရှည်ရှိကြောင်းကို ပုံဖြင့် ရှင်းပြခြင်း၊ ဆရာက ဆိုပြခြင်း၊ လက်ခုပ်ရိုက်ပြခြင်းတို့ကို ပြုလုပ်ပြ၍ သင်ပေးရပါမည်။

### စစ်ဆေးအကဲဖြတ်ချက်

- ဂီတသင်္ကေတကို အသံနေ အသံထားမှန်ကန်စွာဖြင့် လေးချက်စည်းနှင့်အညီ စိတ်ရောကိုယ်ပါ သီဆိုနိုင်သည်။ (A)
- ဂီတသင်္ကေတကို အသံနေ အသံထားမှန်ကန်စွာဖြင့် လေးချက်စည်းနှင့်အညီ သီဆိုနိုင်သည်။ (B)
- ဂီတသင်္ကေတကို လေးချက်စည်းနှင့်အညီ မှန်ကန်စွာ မသီဆိုနိုင်ပါ။ (C)

DBE Box Copyright Protected

## အခန်း(၁) တစ်ကိုယ်ရေသန့်ရှင်းကျန်းမာခြင်း

**ရည်ရွယ်ချက်** – တေးကဗျာ၏အဓိပ္ပာယ်ကိုသိရှိပြီး ဟန်အမူအရာဖြင့် သီဆိုခံစား သရုပ်ဖော်တတ်ရန်ဖြစ်သည်။

**စာသင်ချိန်** – ၃/၅

### သင်ယူမှုဦးတည်ချက်

သင်္ကေတနှင့် စာသားကို အသံနေအသံထား မှန်ကန်စွာဖြင့် အဖွဲ့လိုက် သီဆိုတတ်ရန်။

### သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ

ကျောင်းသုံးစာအုပ်၊ သင်ထောက်ကူကားချပ်။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း**


- ဂီတသင်္ကေတနှင့် တေးကဗျာကို သံစဉ်အနိမ့်အမြင့် မှန်ကန်စွာဖြင့် စည်းချက်လိုက်ကာ သီဆိုစေပါမည်။(၅ မိနစ်)


**လုပ်ငန်းစဉ်**

- 'တစ်ကိုယ်ရေသန့်ရှင်းကျန်းမာခြင်း' တေးကဗျာစာသား နှစ်ဘားချင်းစီကို ကလေးများကို သီဆိုစေပြီး ဆရာက သင်္ကေတဖြင့် နောက်က တစ်ဆက်တည်း လိုက်ဆိုပြပါမည်။
  ဥပမာ-
  ကျောင်းသား - ရောင်နီလာပြီ ထမယ်ကွယ်
  မီးမီး သွားတိုက်မယ်။
  ဆရာ - မီဆို ဆိုဆို လာမီ ဆို
  ဒို တီ လာ ဆို
- ပထမပိုဒ်၏ ဘား(၃)နှင့် ဘား(၄)၊ ဘား(၅)၊ ဘား(၆)နှင့် ဘား(၇) ကို သင်ကြားသည့်အတိုင်း ဒုတိယပိုဒ်ကို ဆက်လက်သင်ကြားပေးရပါမည်။
- ရိုက်ချက်နှစ်ချက်စာရှိ 𝅗𝅥 (Half Note)နှင့် ရိုက်ချက်လေးချက်စာရှိ 𝅝 (Whole Note) ကို အသံပြည့်အောင်သီဆိုတတ်စေရန် သင်ကြားပေးရပါမည်။
- ထို့နောက်အဖွဲ့ နှစ်ဖွဲ့ခွဲ၍ တစ်ဖွဲ့က စာသားကို အရင်သီဆိုစေပြီး ကျန်တစ်ဖွဲ့က သင်္ကေတကို လိုက်၍ သီဆိုစေပါမည်။
- ဤလုပ်ငန်းစဉ်ကို အားလုံးအလှည့်ကျ ပြောင်းလဲ၍ သီဆိုစေပါမည်။(၂၅ မိနစ်)

**နိဂုံး**

- အတန်းရှိ ကလေးအရေအတွက် အပေါ်မူတည်၍ သင့်လျော်သလို အဖွဲ့များဖွဲ့ပေးပါမည်။ အဖွဲ့တစ်ဖွဲ့ချင်းစီကို အထက်ပါအတိုင်းအုပ်စု နှစ်စုခွဲ၍ သီဆိုစေပါမည်။ တစ်ဖွဲ့က သီဆိုနေစဉ် ကျန်အဖွဲ့များက ဆရာနှင့်အတူ စည်းချက်လိုက်ရင်း ကြည့်ရှုအားပေးရပါမည်။(၁၀ မိနစ်)





DBE Box - Copyright Protected

### သတိပြုရမည့်အချက်များ

- ဆရာက သင်္ကေတနှင့် စာသားကို အဖွဲ့လိုက်သီဆိုနေချိန်တွင် ညီညာမှုရှိစေရန် ဂရုစိုက်ပေးရပါမည်။
- ပထမပိုဒ် ဘား(၇)တွင် ထပ်ကျော့သင်္ကေတ (Repeat) ပါရှိသည့်အတွက် နောက်တစ်ကြိမ်ပြန်ဆိုရမည်ဖြစ်ကြောင်း ဆရာကသတိပြုသင်ကြားပေးရပါမည်။
- 𝅗𝅥 (Half Note)မှာ ရိုက်ချက် နှစ်ချက်စာရှိကြောင်းနှင့် 𝅝 (Whole Note)တွင် ရိုက်ချက် လေးချက်စာ အသံအရှည်ရှိကြောင်းကို ပုံဖြင့် ရှင်းပြခြင်း၊ ဆရာက ဆိုပြခြင်း၊ လက်ခုပ်ရိုက်ပြခြင်းတို့ကို ပြုလုပ်ပြ၍ သင်ပေးရပါမည်။

### စစ်ဆေးအကဲဖြတ်ချက်

- သင်္ကေတနှင့် စာသားကို အသံနေအသံထား မှန်ကန်စွာဖြင့် အဖွဲ့လိုက် ညီညာစွာ သီဆိုနိုင်သည်။ (A)
- သင်္ကေတနှင့် စာသားကို အသံနေအသံထား မှန်ကန်စွာဖြင့် အဖွဲ့လိုက် သီဆိုနိုင်သည်။ (B)
- သင်္ကေတနှင့် စာသားကို အဖွဲ့လိုက် ညီညာစွာ မသီဆိုနိုင်ပါ။ (C)

အခန်း(၁) တစ်ကိုယ်ရေသန့်ရှင်းကျန်းမာခြင်း

**နှစ်ယောက်တစ်တွဲ ဟန်အမူအရာဖြင့် သီဆိုကြစို့**




၄

## အခန်း(၁) တစ်ကိုယ်ရေသန့်ရှင်းကျန်းမာခြင်း

**ရည်ရွယ်ချက်** – တေးကဗျာ၏အဓိပ္ပာယ်ကိုသိရှိပြီး ဟန်အမူအရာဖြင့် သီဆိုခံစား သရုပ်ဖော်တတ်ရန်ဖြစ်သည်။

**စာသင်ချိန်** – ၄/၅

### သင်ယူမှုဦးတည်ချက်

တေးကဗျာကို ဟန်အမူအရာဖြင့် ညီညာစွာ သီဆိုတတ်ရန်။

### သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ

ကျောင်းသုံးစာအုပ်၊ သင်ထောက်ကူကားချပ်။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း**

- ‘တစ်ကိုယ်ရေ သန့်ရှင်း ကျန်းမာခြင်း’ တေးကဗျာကို အားလုံး အတူလေးချက်စည်းဖြင့် စည်းချက်လိုက်ရင်း ပြန်လည်သီဆို စေပါမည်။(၅ မိနစ်)

**လုပ်ငန်းစဉ်**

- ဆရာက စာသင်ချိန်(၂)တွင် သင်ကြားခဲ့သော တေးကဗျာ ဂီတသင်္ကေတကို သင်္ကေတတန်ဖိုးအတိုင်း အသံအနိမ့်အမြင့် အတိုအရှည် မှန်ကန်စွာ သီဆိုပြပါမည်။
- ကလေးများကိုလည်း လိုက်ဆိုစေပါမည်။
- ပြီးလျှင် ဆရာက လေးချက်စည်းဖြင့် စည်းချက်လိုက်၍ တေးကဗျာ၏ စာသားကို အသံအနိမ့်အမြင့် အတိုအရှည်မှန်ကန်စွာဖြင့် ဆိုပြပြီး ကလေးများကို လိုက်ဆိုစေပါမည်။
- ကလေးများကိုယ်တိုင် လေးချက်စည်းဖြင့် စည်းချက်လိုက်၍ သီဆိုစေပါမည်။
- ကလေးများကို နှစ်ယောက်တစ်တွဲ တွဲပေးရပါမည်။ ထို့နောက် တေးကဗျာနှင့်လိုက်ဖက်မည့် ဟန်အမူအရာများကို တိုင်ပင် ဆွေးနွေးစေပြီး လေ့ကျင့်စေပါမည်။
- နှစ်ယောက်တစ်တွဲတွဲထားသော ကလေးများကို အတန်းရှေ့သို့ ထွက်စေပြီး မိမိတို့ စဉ်းစားထားသော ဟန်အမူအရာများ ပြုလုပ်၍ သီဆိုစေပါမည်။(၃၀ မိနစ်)

**နိဂုံး**

- နှစ်ယောက်တစ်တွဲတွဲထားသော ကလေးများအားလုံးကို စုပေါင်း၍ မိမိတို့ စဉ်းစားထားသော ဟန်အမူအရာများပြုလုပ်စေပြီး သံပြိုင်ညီညီ စုပေါင်းသီဆိုစေပါမည်။(၅ မိနစ်)

### သတိပြုရမည့်အချက်များ

- အသံအနိမ့်အမြင့် အတိုအရှည်ကို သီဆိုရာတွင် အခက်အခဲရှိသောကလေးများရှိပါက G1 နှင့် G2 တွင် သင်ကြားခဲ့သော **ဒို ရေ မီ** လက်ဟန်ဖြင့် ဆရာက ဆိုပြပြီး ကလေးများကို လိုက်ဆိုစေလျှင်လည်း ရပါသည်။
- သီချင်းစာသားနှင့် ကိုက်ညီသည့် ဟန်အမူအရာများ ပြုလုပ်ရာတွင် တစ်ဖွဲ့နှင့် တစ်ဖွဲ့ မတူညီလျှင်လည်း ရပါသည်။ ကလေးများနှစ်ယောက်တစ်တွဲ စဉ်းစားနေချိန်တွင် ဆရာကကူညီ၍ အကြံပေးရပါမည်။
- နှစ်ယောက်တစ်တွဲသရုပ်ဖော်ပုံများကို ဆရာက ချီးကျူးရပါမည်။

### စစ်ဆေးအကဲဖြတ်ချက်

- တေးကဗျာကို ဟန်အမူအရာဖြင့် စိတ်ရောကိုယ်ပါ ညီညာစွာ သီဆိုနိုင်သည်။ (A)
- တေးကဗျာကို ဟန်အမူအရာဖြင့် ညီညာစွာသီဆိုနိုင်သည်။ (B)
- တေးကဗျာကို ဟန်အမူအရာဖြင့် ညီညာစွာ မသီဆိုနိုင်ပါ။ (C)

DBE Box – Copyright Protected

## အခန်း(၁) တစ်ကိုယ်ရေသန့်ရှင်းကျန်းမာခြင်း

**ရည်ရွယ်ချက်** – တေးကဗျာ၏အဓိပ္ပာယ်ကိုသိရှိပြီး ဟန်အမူအရာဖြင့် သီဆိုခံစား သရုပ်ဖော်တတ်ရန်ဖြစ်သည်။

**စာသင်ချိန်** – ၅/၅

### သင်ယူမှုဦးတည်ချက်

တေးကဗျာနှင့် လိုက်ဖက်သည့် ဟန်အမူအရာများကို အဖွဲ့လိုက် ဆွေးနွေးတိုင်ပင်ပြီး ခံစားသီဆိုသရုပ်ဖော်တတ်ရန်။

### သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ

ကျောင်းသုံးစာအုပ်၊ သင်ထောက်ကူကားချပ်။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း**


- ဂီတသင်္ကေတနှင့် တေးကဗျာကို သံစဉ်အနိမ့်အမြင့် မှန်ကန်စွာဖြင့် စည်းချက်လိုက်ကာ သီဆိုစေပါမည်။(၅ မိနစ်)

**လုပ်ငန်းစဉ်**

- ဆရာက တေးကဗျာ၏ အဓိပ္ပာယ်နှင့်လိုက်ဖက်သော ဟန်အမူအရာများကို အဖွဲ့လိုက် စဉ်းစားပြီး ခံစားသရုပ်ဖော်ရမည်ဖြစ်ကြောင်း ရှင်းပြရပါမည်။
- အတန်းရှိကလေး အရေအတွက်အပေါ် မူတည်၍ သင့်လျော်သလို အဖွဲ့များဖွဲ့ပါမည်။
- အဖွဲ့အလိုက် မိမိတို့ပြုလုပ်လိုသော သရုပ်ဖော်ပုံများကို ဆွေးနွေးတိုင်ပင်စေပါမည်။
- အဖွဲ့လိုက်ဆွေးနွေးတိုင်ပင်ထားသော သရုပ်ဖော်အမူအရာများကို စည်းချက်ညီညီသီဆို၍ လေ့ကျင့်စေပါမည်။
- အဖွဲ့တစ်ဖွဲ့ချင်းစီကို သီဆိုသရုပ်ဖော်စေပါမည်။ တစ်ဖွဲ့က သီဆိုသရုပ်ဖော်နေချိန်တွင် ဆရာနှင့် ကျန်အဖွဲ့များက လေးချက်စည်းကို စည်းချက်လိုက်ပေးရပါမည်။(၃၀ မိနစ်)

**နိဂုံး**

- အကောင်းဆုံးသရုပ်ဖော်နိုင်သော အဖွဲ့တစ်ဖွဲ့ကို အတန်းရှေ့သို့ထွက်၍ သရုပ်ဖော်စေပါမည်။ ဆရာနှင့် ကျန်အဖွဲ့များက လေးချက်စည်းလိုက်ရင်း ကြည့်ရှုအားပေးရပါမည်။ (၅ မိနစ်)


အခန်း(၁) တစ်ကိုယ်ရေသန့်ရှင်းကျန်းမာခြင်း

အဖွဲ့လိုက် ခံစားချက်ဖြင့် သရုပ်ဖော်ကြစို့

၅

### သတိပြုရမည့်အချက်များ

- ကလေးများ အဖွဲ့လိုက်သရုပ်ဖော်ပုံကို စဉ်းစားနေချိန်တွင် ဆရာက ကူညီ၍ အကြံပေးရပါမည်။
- သရုပ်ဖော်ချိန်တွင် ခံစားချက်ထည့်ပြီး သရုပ်ဖော်ရမည်ဖြစ်ကြောင်း ကလေးများကို သတိပေးရပါမည်။
- အဖွဲ့တိုင်း၏ တီထွင်ဖန်တီးသရုပ်ဖော်ထားပုံများကို ဆရာက ချီးကျူးစကား ပြောပေးရပါမည်။

### စစ်ဆေးအကဲဖြတ်ချက်

- တေးကဗျာ၏ အဓိပ္ပာယ်ကို ပေါ်လွင်အောင် ဆွေးနွေးတိုင်ပင်ပြီး အားလုံးပါဝင်၍ ဟန်အမူအရာများပြုလုပ်ပြီး အဖွဲ့လိုက်ခံစား သီဆို သရုပ်ဖော်နိုင်သည်။ (A)
- တေးကဗျာနှင့် လိုက်ဖက်သည့် ဟန်အမူအရာများပြုလုပ်၍ အဖွဲ့လိုက်ခံစားသီဆို သရုပ်ဖော်နိုင်သည်။ (B)
- တေးကဗျာနှင့် ဟန်အမူအရာများပြုလုပ်၍ အဖွဲ့လိုက်မသီဆိုနိုင်ပါ။(C)

DBE Box - Copyright Protected

# သင်ကြားမှုအစီအစဉ်နှင့် ဆရာလမ်းညွှန်

## ၂.၂။ အခန်း(၂) ချစ်စရာတောသူလေးနဲ့ ဝက်ဝံလေး

တတိယတန်း (ဇူလိုင်လ ဒုတိယပတ်မှ ဩဂုတ်လ ဒုတိယပတ်အထိ)

| | |
|---|---|
| သင်ခန်းစာခေါင်းစဉ် | ချစ်စရာတောသူလေးနဲ့ ဝက်ဝံလေး |
| ရည်ရွယ်ချက် | တေးကဗျာ၏ ပျော်ရွှင်စရာ၊ စိတ်ဝင်စားစရာတို့ကို သိရှိပြီး အသံတူထပ်ဆင့်၍ ပျော်ရွှင်စွာ သရုပ်ဖော် သီဆိုတတ်ရန်ဖြစ်သည်။ |
| သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ | ကျောင်းသုံးစာအုပ်၊ သင်ထောက်ကူကားချပ်များ (Eighth Rest ၊ ဖီ၊ ရီ)။ |
| သင်ကြားမည့် အကြောင်းအရာ | - တေးစာသား၏ အဓိပ္ပာယ်ကို သိရှိနားလည်ပြီး အမူအရာပြုလုပ်၍ ပျော်ရွှင်စွာ သီဆိုမည်။<br>- ဂီတသင်္ကေတကို လေးချက်စည်းဖြင့် အသံနေအသံထား မှန်ကန်စွာ သီဆိုမည်။<br>- ဂီတသင်္ကေတနှင့် ဒို ဒါ အသံကို အသံတူထပ်ဆင့် သီဆိုမည်။<br>- တေးကဗျာစာသားကို အသံတူထပ်ဆင့် သီဆိုမည်။<br>- တေးကဗျာနှင့် လိုက်ဖက်မည့် လှုပ်ရှားသရုပ်ဖော်ပုံကို စဉ်းစားပြီး အဖွဲ့လိုက် သံတူထပ်ဆင့်သီဆိုဟန်ဖြင့် ခံစားသီဆို သရုပ်ဖော်မည်။<br>ဤသင်ခန်းစာတွင် အသံတူထပ်ဆင့်သီဆိုပုံ၏ ပျော်ရွှင်ဖွယ်ကောင်းပုံကို ခံစားသိရှိမည်။ စာသင်ချိန် (၁)နှင့် (၂)တွင် ဆရာသီဆိုပြသည်ကို နားထောင်ပြီး သီချင်းသံစဉ်၏ ပျော်ရွှင်ဖွယ်ကောင်းပုံကို သိရှိနားလည်မည်။ တေးကဗျာ၏ အဓိပ္ပာယ်ကို သိရှိပြီး တေးစာသားနှင့် ဂီတသင်္ကေတကို အသံနေအသံထား မှန်ကန်စွာ သီဆိုမည်။ စာသင်ချိန် (၃)နှင့် (၄)တွင် ဂီတသင်္ကေတ၊ ဒို ဒါ အသံနှင့် တေးစာသားကို အသံတူထပ်ဆင့် သီဆိုမည်။ စာသင်ချိန် (၅)တွင် တေးကဗျာနှင့် လိုက်ဖက်မည့် လှုပ်ရှားသရုပ်ဖော်ပုံကို စဉ်းစားပြီး အဖွဲ့လိုက် သံတူထပ်ဆင့်သီဆိုဟန်ဖြင့် ခံစားသီဆို သရုပ်ဖော်မည်။ |
| စုစုပေါင်းသင်ကြားချိန် | စာသင်ချိန် ၅ ချိန် |

| စာသင်ချိန် | သင်ယူမှုဦးတည်ချက် | စစ်ဆေးအကဲဖြတ်ချက် (သင့်အဆင့်) |
|---|---|---|
| ၁။ | တေးစာသား၏ အဓိပ္ပာယ်ကိုသိရှိပြီး အမူအရာပြုလုပ်၍ သံစဉ်မှန်ကန်စွာဖြင့် သီဆိုတတ်ရန်။ | တေးစာသား၏ အဓိပ္ပာယ်ကိုသိရှိပြီး အမူအရာပြုလုပ်၍ သံစဉ်မှန်ကန်စွာဖြင့် သီဆိုနိုင်သည်။ |
| ၂။ | တေးကဗျာ၏ သင်္ကေတကို အသံနေအသံထားမှန်ကန်စွာဖြင့် သီဆိုတတ်ရန်။ | တေးကဗျာ၏ သင်္ကေတကို အသံနေအသံထားမှန်ကန်စွာဖြင့် သီဆိုနိုင်သည်။ |
| ၃။ | သင်္ကေတနှင့် ဒို ဒါ အသံတို့ အသံရှည်ကို အသံတူထပ်ဆင့် သီဆိုတတ်ရန်။ | သင်္ကေတနှင့် ဒို ဒါ အသံတို့ အသံရှည်ကို အသံတူထပ်ဆင့်၍ သီဆိုနိုင်သည်။ |
| ၄။ | တေးစာသားကို အဖွဲ့လိုက် ရိုက်ချက် (Timing) မှန်ကန်စွာဖြင့် အသံတူထပ်ဆင့် သီဆိုတတ်ရန်။ | တေးစာသားကို အဖွဲ့လိုက် ရိုက်ချက် (Timing) မှန်ကန်စွာဖြင့် အသံတူထပ်ဆင့် သီဆိုနိုင်သည်။ |
| ၅။ | တေးကဗျာကို အသံတူထပ်ဆင့် သီဆို၍ အဓိပ္ပာယ်နှင့် ကိုက်ညီသော လှုပ်ရှားမှုများကို အတိုင်အဖောက်ညီညီ အဖွဲ့လိုက် သီဆိုသရုပ်ဖော်တတ်ရန်။ | တေးကဗျာကို အသံတူထပ်ဆင့် သီဆို၍ အဓိပ္ပာယ်နှင့် ကိုက်ညီသော လှုပ်ရှားမှုများကို အတိုင်အဖောက်ညီညီ အဖွဲ့လိုက် သီဆိုသရုပ်ဖော်နိုင်သည်။ |

DBE Box - Copyright Protected

**အခန်း(၂) ချစ်စရာတောသူလေးနဲ့ ဝက်ဝံလေး**

**ရည်ရွယ်ချက်** – တေးကဗျာ၏ ပျော်ရွှင်စရာ စိတ်ဝင်စားစရာတို့ကို သိရှိပြီး အသံတူထပ်ဆင့်၍ ပျော်ရွှင်စွာ သရုပ်ဖော်သီဆိုတတ်ရန် ဖြစ်သည်။

**စာသင်ချိန်** – ၁/၅

**သင်ယူမှုဦးတည်ချက်**

တေးစာသား၏ အဓိပ္ပာယ်ကိုသိရှိပြီး အမူအရာပြုလုပ်၍ သံစဉ်မှန်ကန်စွာဖြင့် သီဆိုတတ်ရန်။

**သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ**

ကျောင်းသုံးစာအုပ်၊ သင်ထောက်ကူကားချပ်။

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း**

- ဆရာက သင်ထောက်ကူကားချပ် သို့မဟုတ် ကျောင်းသုံးစာအုပ်ပါ ပုံကို ပြ၍ 'ဘယ်လိုအကြောင်းအရာမျိုး ဖြစ်မလဲ' ဟု ကလေးများကို မေးပါမည်။
- ဆရာက ကလေးများ၏ အဖြေကို နားထောင်၍ လိုအပ်သည့်အပိုင်းကို ဖြည့်စွက်ပြီး 'ချစ်စရာတောသူလေးနဲ့ ဝက်ဝံလေး' တေးကဗျာ၏ အဓိပ္ပာယ်ကို ရှင်းပြရပါမည်။(၅ မိနစ်)

**လုပ်ငန်းစဉ်**

- ဆရာက တေးကဗျာကို အစမှအဆုံးထိ ဟန်အမူအရာပြုလုပ်၍ အသံနေအသံထား မှန်ကန်စွာဖြင့် နှစ်ကြိမ်ဆိုပြပြီး ကလေးများကို သေချာစွာနားထောင်စေပါမည်။
- တေးကဗျာ၏ ပထမပိုဒ် တစ်ကြောင်းချင်းစီကို ဆရာက ဆိုပြပြီး ကလေးများကို လိုက်ဆိုစေပါမည်။ ထို့နောက်တေးကဗျာ၏ အဓိပ္ပာယ်ကို မှတ်မိလွယ်စေရန် အမူအရာများပြုလုပ်ပြီးသီဆိုရပါမည်။
- ပထမပိုဒ်အဆုံးထိရလျှင် ကလေးများကိုယ်တိုင် မိမိတို့နှစ်သက်သောအမူအရာဖြင့် သီဆိုစေပါမည်။ ထိုအချိန်တွင် ဆရာက လေးချက်စည်း လိုက်ပေးရပါမည်။
- ထို့နောက်ဒုတိယပိုဒ် တစ်ပိုဒ်လုံးကို ဆရာကဆိုပြပြီးကလေးများကို သီဆိုစေပါမည်။ အထက်ပါအတိုင်း ကျန်သည့်အပိုဒ်များကို ဆက်လက်သင်ကြားပေးရပါမည်။
- တေးကဗျာအဆုံးထိရလျှင် ကလေးများကိုယ်တိုင် အစမှအဆုံးအထိ သီဆိုစေပါမည်။
- သီဆိုပြီးပါက ကလေးများ၏ ခံစားချက်ကို မေးပါမည်။ (၂၅ မိနစ်)

**နိဂုံး**

- အတန်းရှိ ကျောင်းသားဦးရေအပေါ် မူတည်၍သင့်လျော်သလို အဖွဲ့ ဖွဲ့ပေးရပါမည်။ တစ်ဖွဲ့က အမူအရာဖြင့် သီဆိုနေစဉ် ဆရာနှင့် ကျန်အဖွဲ့များက စည်းချက်လိုက်ရင်း ကြည့်ရှုအားပေးပါမည်။(၁၀ မိနစ်)





**သတိပြုရမည့်အချက်များ**

- တေးကဗျာ၏ အဓိပ္ပာယ်ကို ကလေးများ ပျော်ရွှင်စွာ နားလည်သီဆိုနိုင်စေရန် ဆရာက ဟန်အမူအရာကို ပြုလုပ်၍ သီဆိုပြရမည်။
- ကလေးများကို ဆရာလုပ်သည့်အတိုင်း လိုက်လုပ်စေသော်လည်း အတိအကျ လုပ်တတ်ရန်မလိုပါ။ ကလေးများ ကိုယ်ပိုင်ဟန်ဖြင့် လွတ်လပ်စွာ အမူအရာပြုလုပ်စေပါမည်။
- အေးမိနှင့် ဝက်ဝံလေး ပို့ပို့ တို့၏ ခံစားချက်ကိုစဉ်းစားစေပြီး ခံစားသီဆိုစေရပါမည်။
- တတိယပိုဒ်တွင်ပါဝင်သော ဝက်ဝံလေး ပို့ပို့၏ 'ကလေးမ ပြေးပြေး' ဆိုသောစကားမှာ ခြောက်လှန့်ခြင်း မဟုတ်ဘဲ သူငယ်ချင်းအချင်းချင်း စနောက်ကာ ပြေးခိုင်းသော အဓိပ္ပာယ်ဖြစ်ကြောင်း ကလေးများကို ရှင်းပြရပါမည်။
- နောက်ဆုံးပိုဒ် ဒါ့ ဒါ အသံမှာ အေးမိနှင့် ဝက်ဝံလေးတို့ တေးသွားကို ပျော်ရွှင်စွာ အတူဆိုခြင်းဖြစ်ကြောင်း ရှင်းပြရပါမည်။

**စစ်ဆေးအကဲဖြတ်ချက်**

- တေးစာသား၏ အဓိပ္ပာယ်ကို သိရှိပြီး အမူအရာပြုလုပ်၍ သံစဉ်မှန်ကန်စွာဖြင့် စိတ်ရောကိုယ်ပါ ခံစားသီဆိုနိုင်သည်။ (A)
- တေးစာသား၏ အဓိပ္ပာယ်ကို သိရှိပြီး အမူအရာပြုလုပ်၍ သံစဉ်မှန်ကန်စွာဖြင့် ခံစားသီဆိုနိုင်သည်။ (B)
- တေးစာသား၏ အဓိပ္ပာယ်ကို သိရှိပြီး အမူအရာပြုလုပ်၍ သံစဉ်မှန်ကန်စွာဖြင့် မသီဆိုနိုင်ပါ။ (C)

DBE Box - Copyright Protected




## သတိပြုရမည့်အချက်များ

- သင်္ကေတအသံထွက်နှင့် အသံအနိမ့်အမြင့် မှန်ကန်စွာ သီဆိုနိုင်ရန် အထပ်ထပ်လေ့ကျင့်ပေးရပါမည်။
- အသံအနိမ့်အမြင့် အတိုအရှည်ကို သီဆိုရာတွင် အခက်အခဲရှိသော ကလေးများရှိပါက G1 နှင့် G2 တွင် သင်ကြားခဲ့သော ဒို ရေ မီ လက်ဟန်ဖြင့် ဆရာက ဆိုပြပြီး ကလေးများကို လိုက်ဆိုစေလျှင်လည်း ရပါသည်။




## စစ်ဆေးအကဲဖြတ်ချက်

- တေးကဗျာ၏ သင်္ကေတကို အသံနေအသံထားမှန်ကန်စွာဖြင့် စည်းချက်ညီညီ သီဆိုနိုင်သည်။ (A)
- တေးကဗျာ၏ သင်္ကေတကို အသံနေအသံထားမှန်ကန်စွာဖြင့် သီဆိုနိုင်သည်။ (B)
- တေးကဗျာ၏ သင်္ကေတကို အသံနေအသံထားမှန်ကန်စွာဖြင့် မသီဆိုနိုင်ပါ။ (C)

## အခန်း(၂) ချစ်စရာတောသူလေးနဲ့ ဝက်ဝံလေး

**ရည်ရွယ်ချက်** – တေးကဗျာ၏ ပျော်ရွှင်စရာ စိတ်ဝင်စားစရာတို့ကို သိရှိပြီး အသံတူထပ်ဆင့်၍ ပျော်ရွှင်စွာ သရုပ်ဖော်သီဆိုတတ်ရန် ဖြစ်သည်။

**စာသင်ချိန်** – ၂/၅

### သင်ယူမှုဦးတည်ချက်

တေးကဗျာ၏ သင်္ကေတကို အသံနေအသံထားမှန်ကန်စွာဖြင့် သီဆိုတတ်ရန်။

### သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ

ကျောင်းသုံးစာအုပ်၊ သင်ထောက်ကူကားချပ်။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း**

- စာသင်ချိန် (၁) တွင် သင်ကြားခဲ့သော 'ချစ်စရာတောသူလေးနဲ့ ဝက်ဝံလေး' တေးကဗျာကို ကလေးများကို အမူအရာပြုလုပ်၍ သီဆိုစေပါမည်။ ထိုအချိန်တွင် ဆရာက လေးချက်စည်းလိုက်၍ လက်ခုပ်တီးပေးရပါမည်။(၅ မိနစ်)

**လုပ်ငန်းစဉ်**

- ဆရာက တေးကဗျာ၏ ဂီတသင်္ကေတ ၈ ဘားကို စည်းချက်လိုက်ကာ သီဆိုပြပြီး ကလေးများကို နားထောင်စေပါမည်။
- ပြီးလျှင် သင်္ကေတ တစ်ဘားချင်းစီကို ဆရာက စည်းချက်လိုက်၍ သီဆိုပြပြီး ကလေးများကို လိုက်ဆိုစေပါမည်။
- ၈ ဘားလုံးကို ရရှိပါက ဆရာနှင့်အတူ စည်းချက်လိုက်၍ သီဆိုစေပါမည်။ ထို့နောက် ကလေးများကိုယ်တိုင် စည်းချက်လိုက်၍ သီဆိုစေပါမည်။
- ကလေးများကို အဖွဲ့သုံးဖွဲ့ ဖွဲ့ပေးပြီး အောက်ပါအတိုင်းအလှည့်ကျ သီဆိုစေပါမည်။

| ပထမအဖွဲ့ | ဒုတိယအဖွဲ့ | တတိယအဖွဲ့ |
|---|---|---|
| တေးစာသား ပထမပိုဒ် | ဂီတ သင်္ကေတ | တေးစာသား ဒုတိယပိုဒ် |
| ဂီတ သင်္ကေတ | တေးစာသား တတိယပိုဒ် | ဂီတ သင်္ကေတ |

- အထက်ပါအတိုင်း တေးကဗျာ အဆုံးထိ အလှည့်ကျသီဆိုစေပါမည်။(၂၅ မိနစ်)

**နိဂုံး**

- ကလေးများအားလုံးကို စုပေါင်း၍ သင်္ကေတကို ဦးစွာ သီဆိုစေပါမည်။ ထို့နောက် တေးကဗျာ အစအဆုံးကို သံစဉ်မှန်ကန်စွာဖြင့် စည်းချက်လိုက်ကာ သီဆိုစေပါမည်။(၁၀ မိနစ်)

DBE Box - Copyright Protected

**အခန်း(၂) ချစ်စရာတောသူလေးနဲ့ ဝက်ဝံလေး**

**ရည်ရွယ်ချက်** – တေးကဗျာ၏ ပျော်ရွှင်စရာ စိတ်ဝင်စားစရာတို့ကို သိရှိပြီး အသံတူထပ်ဆင့်၍ ပျော်ရွှင်စွာ သရုပ်ဖော်သီဆိုတတ်ရန် ဖြစ်သည်။

**စာသင်ချိန်** – ၃/၅

## သင်ယူမှုဦးတည်ချက်

သင်္ကေတနှင့် ဒါ့ ဒါ အသံတို့ အသံရှည်ကို အသံတူထပ်ဆင့်သီဆိုတတ်ရန်။

## သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ

ကျောင်းသုံးစာအုပ်၊ သင်ထောက်ကူကားချပ်။

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း**

- ဒီနေ့ တစ်ယောက်ဆိုတဲ့အတိုင်း လိုက်ဆိုတဲ့ ကစားနည်းလေး ကစားရအောင်ဆိုပြီး ဆရာက ကလေးများနှင့် အတူကစားရင်း နိဒါန်းပျိုးပါမည်။ ဥပမာ -

  ဆရာ - ဗိုက်ဆာတယ်
  ကျောင်းသား - ဗိုက်ဆာတယ်
  ဆရာ - ထမင်းကြော်
  ကျောင်းသား - ထမင်းကြော်
  ဆရာ - စားချင်လိုက်တာ
  ကျောင်းသား - စားချင်လိုက်တာ။(၅ မိနစ်)

**လုပ်ငန်းစဉ်**

- 'ဒီနေ့ တေးကဗျာရဲ့ သင်္ကေတကို ခုနက ကစားခဲ့တဲ့ ကစားနည်းလေးအတိုင်း အသံတူထပ်ဆင့်ဆိုကြမယ်'။ 'သီဆိုတဲ့အခါ ပထမလေးဘားအထိပဲ အသံထပ်ဆိုပြီး ကျန်တဲ့ဘားတွေကို အတူတူဆိုရမယ်' ဟု ရှင်းပြရပါမည်။
  ထို့နောက် ပထမလေးဘား၏ တစ်ဘားချင်းစီကို ဆရာနှင့်အတူ ကလေးများအသံထပ်သီဆိုစေပါမည်။
  ဥပမာ -

| | | | | | |
|---|---|---|---|---|---|
| ပ-ဆို | ဆို | ဖီ ဆို | မီ | | |
| ဒု-ဆို | | | ဆို | ဖီ ဆို | မီ |

- ထို့နောက် ဘား(၅)မှ ဘား(၈)အထိကို သီဆိုသည့်အခါ ဆရာနှင့် ကလေးများ ပြိုင်တူ သီဆိုရပါမည်။
- ထို့နောက် အဖွဲ့ နှစ်ဖွဲ့ဖွဲ့၍ အထက်ပါနည်းအတိုင်း သင်္ကေတကို အလှည့်ကျ သီဆိုလေ့ကျင့်စေပါမည်။
- ထို့နောက် အဖွဲ့ နှစ်ဖွဲ့ဖွဲ့၍ အထက်ပါနည်းအတိုင်း ဒါ ဒါ့ အသံဖြင့် အလှည့်ကျသီဆို လေ့ကျင့်စေပါမည်။(၃၀ မိနစ်)

**နိဂုံး**

- အဖွဲ့ နှစ်ဖွဲ့ ဖွဲ့၍ သင်္ကေတကို အလှည့်ကျအသံတူထပ်ဆင့်သီဆိုစေပါမည်။ ထိုနည်းအတိုင်း ဒါ့ ဒါ ဖြင့်လည်း အသံတူထပ်ဆင့်၍သီဆိုစေပါမည်။ ဤလုပ်ငန်းစဉ်ကို အားလုံး အလှည့်ကျ ပြောင်းလဲ၍ သီဆိုစေပါမည်။(၅ မိနစ်)




## သတိပြုရမည့်အချက်များ

- အသံတူထပ်ဆင့်သီဆိုပြီး ကလေးများပျော်ရွှင်စေရန် သတိပြုရပါမည်။
- အသံတူထပ်ဆင့်၍ သီဆိုရသောအပိုဒ်များနှင့် သံပြိုင်သီဆိုရသော အပိုဒ်များကို မှားယွင်းမှုမရှိစေရန် ဆရာကသတိပေးစကားပြောကြားရပါမည်။
- နိဒါန်းပါ သံတူရွတ်ဆို ကစားနည်းကို ဆရာက နမူနာလုပ်ပြပြီး ကလေးများကိုယ်တိုင် စာသားအသံကို ဖန်တီး၍ ပြုလုပ်နိုင်ပါသည်။
- အသံတူထပ်ဆင့်သီဆိုခြင်းကို ကမ္ဘာသုံးဂီတသင်္ကေတအခေါ် အဝေါ်တွင် (Canon) သို့မဟုတ် (Echo) ဟုခေါ်ကြောင်း ကလေးများကို ရှင်းပြရပါမည်။

## စစ်ဆေးအကဲဖြတ်ချက်

- သင်္ကေတနှင့် ဒါ့ ဒါ အသံတို့အသံရှည်ကို အသံတူထပ်ဆင့်၍ အတိုင်အဖောက်ညီညီ မှန်ကန်စွာ သီဆိုနိုင်သည်။ (A)
- သင်္ကေတနှင့် ဒါ့ ဒါ အသံတို့အသံရှည်ကို အသံတူထပ်ဆင့်၍ သီဆိုနိုင်သည်။ (B)
- သင်္ကေတနှင့် ဒါ့ ဒါ အသံတို့အသံရှည်ကို အသံတူထပ်ဆင့်၍ မသီဆိုနိုင်ပါ။ (C)

DBE Box - Copyright Protected


အခန်း(၂) ချစ်စရာတောသူလေးနဲ့ ဝက်ဝံလေး

တေးကဗျာစာသားကို အသံတူထပ်ဆင့် သီဆိုကြစို့

| အေးမိလေးဟာ | အေးမိလေးဟာ |
|---|---|
| တောသူလေးပါ | တောသူလေးပါ |
| တောတန်းတစ်နေရာ | တောတန်းတစ်နေရာ |
| လျှောက်လှမ်းလို့လာ | လျှောက်လှမ်းလို့လာ |

ရောင်စုံဖြာတောပန်းလေးတွေမှာ ပွင့်လန်းလို့ယုယ ခူးဆွတ်ကာ

၁၀

## အခန်း(၂) ချစ်စရာတောသူလေးနဲ့ ဝက်ဝံလေး

**ရည်ရွယ်ချက်** – တေးကဗျာ၏ ပျော်ရွှင်စရာ စိတ်ဝင်စားစရာတို့ကို သိရှိပြီး အသံတူထပ်ဆင့်၍ ပျော်ရွှင်စွာ သရုပ်ဖော်သီဆိုတတ်ရန် ဖြစ်သည်။

**စာသင်ချိန်** – ၄/၅

### သင်ယူမှုဦးတည်ချက်

တေးစာသားကို အဖွဲ့လိုက် ရိုက်ချက် (Timing) မှန်ကန်စွာဖြင့် အသံတူထပ်ဆင့်၍ သီဆိုတတ်ရန်။

### သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ

ကျောင်းသုံးစာအုပ်၊ သင်ထောက်ကူကားချပ်။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း**

- တေးစာသားကို သံစဉ်အနိမ့်အမြင့် မှန်ကန်စွာဖြင့် စည်းချက်လိုက်ကာ ပြန်လည်သီဆိုစေပါမည်။(၅ မိနစ်)

**လုပ်ငန်းစဉ်**

- စာသင်ချိန် (၁)တွင် သင်ခဲ့သည့်အတိုင်း သင်္ကေတနှင့် ဒေါ် ဒါ အသံတူထပ်ဆင့် သီဆိုခြင်းကို ပြန်လည်လေ့ကျင့်စေပါမည်။
- ထို့နောက် သင်္ကေတနှင့် ဒေါ် ဒါ ဖြင့် အသံတူထပ်ဆင့် သီဆိုသကဲ့သို့ တေးစာသားကို သီဆိုရမည်ဖြစ်ကြောင်း ကလေးများအား ရှင်းပြရပါမည်။

| ဆရာ | ကျောင်းသား |
|---|---|
| အေးမိလေးဟာ | အေးမိလေးဟာ |
| တောသူလေးပါ | တောသူလေးပါ |
| တောတန်းတစ်နေရာ | တောတန်းတစ်နေရာ |
| လျှောက်လှမ်းလို့လာ | လျှောက်လှမ်းလို့လာ |

အထိ အသံတူထပ်ဆင့်သီဆိုပြီး 'ရောင်စုံဖြာတောပန်းကလေးတွေမှာ ပွင့်လန်းလို့ ယုယခူးဆွတ်ကာ' နေရာတွင်ဆရာနှင့် ကျောင်းသား အတူတူသီဆိုရပါမည်။

- ကျန်သည့်အပိုဒ်များကို အထက်ပါအတိုင်း အသံတူထပ်ဆင့် သီဆိုစေပါမည်။
- ထို့နောက်အဖွဲ့နှစ်ဖွဲ့ခွဲ၍ ကလေးများကိုယ်တိုင် ပထမပိုဒ်ကို အသံတူထပ်ဆင့်၍ တစ်လှည့်စီသီဆိုစေပါမည်။ ပြီးလျှင်ကျန်အပိုဒ်များကိုလည်း အထက်ပါနည်းအတိုင်းလေ့ကျင့်စေပါမည်။ (၃၀ မိနစ်)

**နိဂုံး**

- အတန်းရှိ ကလေးများကို အဖွဲ့နှစ်ဖွဲ့ဖွဲ့ပေးရပါမည်။ အဖွဲ့နှစ်ဖွဲ့ကို တေးကဗျာအစအဆုံး အသံတူထပ်ဆင့် သီဆိုခြင်းကို အလှည့်ကျပြုလုပ်စေပါမည်။(၅ မိနစ်)

### သတိပြုရမည့်အချက်များ

- အသံတူထပ်ဆင့်သီဆိုပြီး ကလေးများ ပျော်ရွှင်စေရန် သတိပြုရပါမည်။
- အသံတူထပ်ဆင့်သီဆိုရသော အပိုဒ်များနှင့် သံပြိုင်သီဆိုရသော အပိုဒ်များကို မှားယွင်းမှုမရှိစေရန် ဆရာက သတိပေးစကားပြောကြားရပါမည်။

### စစ်ဆေးအကဲဖြတ်ချက်

- တေးစာသားကို အဖွဲ့လိုက် အသံနေအသံထားနှင့် ရိုက်ချက် (Timing) မှန်ကန်စွာဖြင့် အသံတူထပ်ဆင့်၍ သီဆိုနိုင်သည်။ (A)
- တေးစာသားကို အဖွဲ့လိုက် ရိုက်ချက် (Timing) မှန်ကန်စွာဖြင့် အသံတူထပ်ဆင့်၍ သီဆိုနိုင်သည်။ (B)
- တေးစာသားကို အဖွဲ့လိုက် ရိုက်ချက် (Timing) မှန်ကန်စွာဖြင့် အသံတူထပ်ဆင့်၍ မသီဆိုနိုင်ပါ။ (C)

DBE Box - Copyright Protected

## အခန်း(၂) ချစ်စရာတောသူလေးနဲ့ ဝက်ဝံလေး

**ရည်ရွယ်ချက်** – တေးကဗျာ၏ ပျော်ရွှင်စရာ စိတ်ဝင်စားစရာတို့ကို သိရှိပြီး အသံတူထပ်ဆင့်၍ ပျော်ရွှင်စွာ သရုပ်ဖော်သီဆိုတတ်ရန် ဖြစ်သည်။

**စာသင်ချိန်** – ၅/၅

### သင်ယူမှုဦးတည်ချက်

တေးကဗျာကို အသံတူထပ်ဆင့်သီဆို၍ အဓိပ္ပာယ်နှင့် ကိုက်ညီသော လှုပ်ရှားမှုများကို အတိုင်အဖောက်ညီညီ အဖွဲ့လိုက်သီဆိုသရုပ်ဖော်တတ်ရန်။

### သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ

ကျောင်းသုံးစာအုပ်၊ သင်ထောက်ကူကားချပ်။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း**


- တေးကဗျာအား ကလေးများကို အသံတူထပ်ဆင့်၍ ပြန်လည်သီဆိုစေပါမည်။(၅ မိနစ်)

**လုပ်ငန်းစဉ်**

- အတန်းရှိ ကလေးအရေအတွက်အပေါ်မူတည်၍ သင့်လျော်သလို အဖွဲ့များဖွဲ့ပါမည်။
- ဆရာက တေးကဗျာအား ကလေးများကို အသံတူထပ်ဆင့်သီဆိုစေပြီး အဓိပ္ပာယ်နှင့် လိုက်ဖက်သော ဟန်အမူအရာများကို အဖွဲ့လိုက်စဉ်းစားပြီး ခံစားသရုပ်ဖော်ကြရမည်ဖြစ်ကြောင်း ရှင်းပြရပါမည်။
- ထို့နောက် အဖွဲ့များတွင် အေးမိအဖြစ် သရုပ်ဆောင်မည့်သူများ၊ ပို့ပို့အဖြစ်သရုပ်ဆောင်မည့်သူများ ခွဲထားရမည်ဖြစ်ကြောင်း ဆရာက ရှင်းပြပေးရပါမည်။
- အဖွဲ့လိုက် မိမိတို့ပြုလုပ်လိုသော သရုပ်ဖော်ပုံများကို ဆွေးနွေးတိုင်ပင်စေပါမည်။
- အဖွဲ့လိုက် စည်းချက်ညီညီ သရုပ်ဖော်နိုင်ရန် လေ့ကျင့်စေပါမည်။(၂၅ မိနစ်)

**နိဂုံး**

- အဖွဲ့များကို အတန်းရှေ့သို့ထွက်စေ၍ သီဆိုသရုပ်ဖော်မည့် အမူအရာများပြုလုပ်၍ စာသင်ချိန်(၄)ကဲ့သို့ အသံတူထပ်ဆင့်သီဆိုစေပါမည်။ ဤလုပ်ငန်းစဉ်ကို အားလုံးအလှည့်ကျပြောင်းလဲ၍ သီဆိုသရုပ်ဖော်စေပါမည်။(၁၀ မိနစ်)




### သတိပြုရမည့်အချက်များ

- ကလေးများ အဖွဲ့လိုက်သရုပ်ဖော်ပုံကို စဉ်းစားနေချိန်တွင် သရုပ်ဖော်မှုကို စိတ်ကြိုက်ပြုလုပ်စေ၍ လိုအပ်မှုရှိပါက ဆရာကကူညီ၍ အကြံပေးရပါမည်။
- သရုပ်ဖော်ချိန်တွင် သီချင်းစာသား၏ အဓိပ္ပာယ်ကို သိရှိပြီး ခံစားချက်ထည့်၍ ပျော်ရွှင်စွာ သရုပ်ဖော်ရမည်ဖြစ်ကြောင်း ကလေးများကို သတိပေးရပါမည်။
- အဖွဲ့တိုင်းကို ဆရာက ချီးကျူးစကားပြောကြားပေးရပါမည်။

### စစ်ဆေးအကဲဖြတ်ချက်

- တေးကဗျာကို အသံတူထပ်ဆင့် သီဆို၍ အဓိပ္ပာယ်နှင့် ကိုက်ညီသော လှုပ်ရှားမှုများကို အတိုင်အဖောက်ညီညီ အဖွဲ့လိုက် စိတ်ရောကိုယ်ပါ သီဆိုသရုပ်ဖော်နိုင်သည်။ (A)
- တေးကဗျာကို အသံတူထပ်ဆင့် သီဆို၍ အဓိပ္ပာယ်နှင့် ကိုက်ညီသော လှုပ်ရှားမှုများကို အတိုင်အဖောက်ညီညီ အဖွဲ့လိုက်သီဆိုသရုပ်ဖော်နိုင်သည်။ (B)
- တေးကဗျာကို အသံတူထပ်ဆင့် သီဆို၍ အဓိပ္ပာယ်နှင့် ကိုက်ညီသော လှုပ်ရှားမှုများကို အတိုင်အဖောက်ညီညီ အဖွဲ့လိုက်မသီဆိုနိုင်ပါ။ (C)

DBE Box - Copyright Protected

# သင်ကြားမှုအစီအစဉ်နှင့် ဆရာလမ်းညွှန်

## ၂.၃။ အခန်း(၃) စည်းဝါး(ခြေရှေ့ထိုး)အက

တတိယတန်း (ဩဂုတ်လ တတိယပတ်မှ စက်တင်ဘာလ ဒုတိယပတ်အထိ)

| | |
|---|---|
| သင်ခန်းစာခေါင်းစဉ် | စည်းဝါး(ခြေရှေ့ထိုး)အက |
| ရည်ရွယ်ချက် | မြန်မာ့အခြေခံကဗျာလွတ် ခြေအကများကို သိရှိပြီး စည်းဝါးတကျ ပျော်ရွှင်စွာ က တတ်ရန်ဖြစ်သည်။ |
| သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ | ကျောင်းသုံးစာအုပ်၊ သင်ထောက်ကူကားချပ်များ၊ စည်း၊ ဝါး။ |
| သင်ကြားမည့် အကြောင်းအရာ | - မြန်မာ့အခြေခံ လက်အကများကို ပြန်လည်လေ့ကျင့်ပြီး စည်းဝါးတကျ က မည်။<br>- အခြေခံကဗျာလွတ်အက မစတင်မီ ခွင် ပုံစံကို သိရှိပြီး စနစ်တကျ ယူမည်။<br>- စည်းဝါး(ခြေရှေ့ထိုး)အကကို သိရှိပြီး စည်းဝါးတကျ ပျော်ရွှင်စွာ က မည်။<br>- စည်းဝါး(ခြေရှေ့ထိုး)အကကို သိရှိပြီး စည်းဝါးတကျ အဖွဲ့လိုက် ညီညာစွာ က မည်။<br>ဤသင်ခန်းစာတွင် အခြေခံကဗျာလွတ်အက မစတင်မီယူရမည့် ခွင် ပုံစံကို သိရှိကာ စနစ်တကျယူတတ်ပြီး မြန်မာ့အခြေခံ ခြေအကတစ်မျိုးဖြစ်သည့် ခြေရှေ့ထိုးအကကို နားလည်သိရှိကာ စည်းဝါးတကျ ပျော်ရွှင်စွာ က နိုင်ရန် လေ့ကျင့်မည်။ ချစ်စရာအမူအရာဖြင့် ငြိမ့်ညောင်းစွာ က စေမည်။ ကသည့်အချိန်တွင် ပြုံး၍ က စေပါမည်။ အဖွဲ့လိုက် ညီညာစွာ က စေမည်။ |
| စုစုပေါင်းသင်ကြားချိန် | စာသင်ချိန် ၄ ချိန် |

| စာသင်ချိန် | သင်ယူမှုဦးတည်ချက် | စစ်ဆေးအကဲဖြတ်ချက် (သင့်အဆင့်) |
|---|---|---|
| ၁။ | မြန်မာ့အခြေခံ ကဗျာလွတ်လက်အကများကို ပြန်လည်မှတ်မိ၍ စည်းဝါးတကျ မှန်ကန်စွာ က တတ်ရန်။ | မြန်မာ့အခြေခံ ကဗျာလွတ်လက်အကများကို ပြန်လည်မှတ်မိ၍ စည်းဝါးတကျ မှန်ကန်စွာ က နိုင်သည်။ |
| ၂။ | အခြေခံကဗျာလွတ်အက မစတင်မီ ခွင် ပုံစံကို စနစ်တကျသိရှိပြီး ခွင် ယူတတ်ရန်။ | အခြေခံကဗျာလွတ်အက မစတင်မီ ခွင် ပုံစံကို စနစ်တကျ သိရှိပြီး ခွင် ယူနိုင်သည်။ |
| ၃။ | စည်းဝါး(ခြေရှေ့ထိုး)အကကို သိရှိပြီး စည်းဝါးတကျ က တတ်ရန်။ | စည်းဝါး(ခြေရှေ့ထိုး)အကကို သိရှိပြီး စည်းဝါးတကျ က နိုင်သည်။ |
| ၄။ | စည်းဝါး(ခြေရှေ့ထိုး)အကကို စည်းဝါးတကျ အဖွဲ့လိုက် ညီညာစွာ က တတ်ရန်။ | စည်းဝါး(ခြေရှေ့ထိုး)အကကို အဖွဲ့လိုက် ညီညာစွာဖြင့် စည်းဝါးတကျ က နိုင်သည်။ |

DBE Box - Copyright Protected

## အခန်း(၃) စည်းဝါး(ခြေရှေ့ထိုး)အက

**ရည်ရွယ်ချက်** – မြန်မာ့အခြေခံကဗျာလွတ် ခြေအကများကို သိရှိပြီး စည်းဝါးတကျ ပျော်ရွှင်စွာ က တတ်ရန်ဖြစ်သည်။

**စာသင်ချိန်** – ၁/၄

### သင်ယူမှုဦးတည်ချက်

မြန်မာ့အခြေခံ ကဗျာလွတ် လက်အကများကို ပြန်လည်မှတ်မိ၍ စည်းဝါးတကျ မှန်ကန်စွာ က တတ်ရန်။

### သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ

ကျောင်းသုံးစာအုပ်၊ သင်ထောက်ကူကားချပ်၊ စည်း၊ ဝါး။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း**

- ဆရာက ဒုတိယတန်းတွင် သင်ကြားခဲ့သော လက်မှောက်လှန်အက၊ လက်ဆစ်ချိုးအက၊ လက်ဘေးယိမ်းအက၊ လက်စုံဝိုက်ချိုးအက၊ လက်တစ်ဖက်စီ ဝိုက်ချိုးအကများ အကြောင်းကို ကလေးများအား ပြန်လည်မေးမြန်းဆွေးနွေးရပါမည်။ (၅ မိနစ်)

**လုပ်ငန်းစဉ်**

- အတန်းရှိ ကလေးအရေအတွက်ပေါ်မူတည်၍ ကလေးများကို အဖွဲ့ ငါးဖွဲ့ ဖွဲ့ပေးရပါမည်။
- လက်မှောက်လှန်အက ကမည့်အဖွဲ့၊ လက်ဆစ်ချိုးအက ကမည့်အဖွဲ့၊ လက်ဘေးယိမ်းအက ကမည့်အဖွဲ့၊ လက်စုံဝိုက်ချိုးအက ကမည့်အဖွဲ့၊ လက်တစ်ဖက်စီဝိုက်ချိုးအက ကမည့်အဖွဲ့ဟူ၍ သတ်မှတ်ပေးရပါမည်။
- ဆရာက စည်းဝါးတီးပေးပြီး တစ်ဖွဲ့ချင်းစီကို စည်း ၈ ချက် ဝါး ၈ ချက်ပြည့်အောင် က စေပါမည်။
- တစ်ဖွဲ့ က လျှင် ကျန်အဖွဲ့များက ကြည့်ရှုအားပေးရပါမည်။ အဖွဲ့တိုင်းကို လက်အက ၅ မျိုးလုံးစုံအောင် တစ်လှည့်စီ က စေပါမည်။
- ထို့နောက် အဖွဲ့တိုင်းကို လက်အက ၅ မျိုးကို စုပေါင်း၍ တစ်ဆက်တည်း က စေပါမည်။(၃၀ မိနစ်)

**နိဂုံး**

- ကလေးများအားလုံးကို အဖွဲ့တစ်ဖွဲ့တည်းစုပေါင်း၍ လက်အက ၅ မျိုးလုံးကို တစ်ဆက်တည်း စည်းဝါးတကျ က စေပါမည်။ (၅ မိနစ်)






### သတိပြုရမည့်အချက်များ


- အကတိုင်းကို ညာဘက်မှစ၍ က ရန် ကလေးများကို သတိပေးရပါမည်။
- အကအားလုံးကို စုပေါင်း၍ ကသည့်အခါ အကတစ်ခုနှင့် တစ်ခု အကူးအပြောင်းတွင် စည်းဝါးထောက်သွားခြင်း၊ ထစ်သွားခြင်း မရှိစေဘဲ ချောချောမွေ့မွေ့ ကူးပြောင်း က ရမည်ဖြစ်ကြောင်း ကလေးများကို သတိပေးရပါမည်။
- ကလေးများညီညာစွာ က နိုင်ရန် ဆရာက စည်းဝါးမှန်မှန်တီးပေးရပါမည်။ စည်းဝါးမရှိပါက ပါးစပ်မှ စည်းဝါးဆို၍ ဝါးရိုက်ချက်ကို လက်ခုပ်တီး၍ က နိုင်ပါသည်။
- က သည့်အခါ ပြုံးရွှင်စွာ က ရပါမည်။

### စစ်ဆေးအကဲဖြတ်ချက်

- မြန်မာ့အခြေခံ ကဗျာလွတ် လက်အကများကို ပြန်လည်မှတ်မိ၍ စည်းဝါးတကျ ပျော်ရွှင်မှန်ကန်စွာဖြင့် က နိုင်သည်။ (A)
- မြန်မာ့အခြေခံ ကဗျာလွတ် လက်အကများကို ပြန်လည်မှတ်မိ၍ စည်းဝါးတကျ မှန်ကန်စွာ က နိုင်သည်။ (B)
- မြန်မာ့အခြေခံ ကဗျာလွတ် လက်အကများကို မှန်ကန်စွာ မကနိုင်ပါ။ (C)

DBE Box - Copyright Protected





## အခန်း(၃) စည်းဝါး(ခြေရှေ့ထိုး)အက

**ရည်ရွယ်ချက်** – မြန်မာ့အခြေခံကဗျာလွတ် ခြေအကများကို သိရှိပြီး စည်းဝါးတကျ ပျော်ရွှင်စွာ က တတ်ရန်ဖြစ်သည်။

**စာသင်ချိန်** – ၂/၄

### သင်ယူမှုဦးတည်ချက်

အခြေခံကဗျာလွတ်အက မစတင်မီ ခွင် ပုံစံကို စနစ်တကျ သိရှိပြီး ခွင် ယူတတ်ရန်။

### သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ

ကျောင်းသုံးစာအုပ်၊ သင်ထောက်ကူကားချပ်၊ စည်း၊ ဝါး။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း**

- ဆရာက ကျောင်းသုံးစာအုပ်ပါ ခွင် ပုံစံကိုပြ၍ ကလေးများထင်မြင်သည့်အတိုင်း ပြုလုပ်စေပါမည်။ ကလေးများအချင်းချင်း အပြန်အလှန်ကြည့်စေပြီး ကျောင်းသုံးစာအုပ်ပါပုံစံနှင့် မိမိတို့ လုပ်သည့် ပုံစံကွာခြားချက်များကို အချင်းချင်းလွတ်လပ်စွာ ပြောစေပါမည်။(၅ မိနစ်)

**လုပ်ငန်းစဉ်**

- ဆရာက ခွင် ပုံစံ အနေအထားကို အောက်ပါအဆင့်များ အတိုင်း ကလေးများကို ရှင်းပြပြီး သင်ကြားပေးရပါမည်။
- ခွင် ပုံစံယူရန်အတွက် ခြေနှစ်ဖက်ကို စုံရပ်ရပါမည်။
- ခြေဖနောင့်နှစ်ဖက်ကို တစ်မိုက် အကွာအဝေးထားရပါမည်။ ခြေသန်းများ ရှိသည့်နေရာသို့ ခြေမ ရောက်အောင် ရွှေ့ရပါမည်။
- ခြေဖျားနှစ်ဖက်ကို တစ်ထွာတစ်မိုက် အကွာအဝေးထားရပါမည်။
- ဒူးနှစ်ဖက်ကို ညွတ်ကွေးထားပြီး ဒူးနှစ်ဖက်မှာ တောင်ဆုပ် အကွာအဝေးရှိရပါမည်။
- ခန္ဓာကိုယ်ကို သုံးချိုးတစ်ချိုး တည့်တည့်ညွတ်ချပြီး လက်ဖနောင့်နှစ်ခုကို တင်မှာ ထောက်ထား၍ မျက်နှာကို ရှေ့တည့်တည့်သို့ ကြည့်ရပါမည်။
- ခွင် အတိုင်းအတာများကို မှန်ကန်စွာသိရှိပါက ကလေးများကို ခွင် ထိုင်နည်းအား လေ့ကျင့်စေပါမည်။ ကလေးများ ခွင် ထိုင်တတ်သွားပါက တစ်ဖွဲ့ချင်းစီကို ခွင် အနေအထားဖြင့် ဒိုးချက်လေးဝါးစာ(၇ စက္ကန့်ခန့်) ထိုင်စေပါမည်။ ဆရာက ဒိုးချက်လေးဝါးတီးလုံးကို ဆိုပေးရပါမည်။(၃၀ မိနစ်)

**နိဂုံး**

- ကလေးများကို နှစ်ယောက်တစ်တွဲတွဲ၍သော်လည်းကောင်း၊ အဖွဲ့လိုက်သော်လည်းကောင်း ခွင် ထိုင်စေပါမည်။(၅ မိနစ်)

### သတိပြုရမည့်အချက်များ

- မြန်မာ့အက၏ ကကွက်များကို စနစ်တကျ က နိုင်ရန် ခွင် ပုံစံမှာ အရေးကြီး၍ အခြေခံကျသော ပုံစံဖြစ်ပါသည်။ ကလေးများကို ခွင် ပုံစံကို နားလည်အောင် သေသေချာချာ ရှင်းပြရပါမည်။
- ခွင် ပုံစံ ယူရာတွင် ညောင်းသောကြောင့် ကလေးများကို ခွင် ပုံစံဖြင့် ကြာရှည်စွာ မနေခိုင်းသင့်ပါ။
- အတိုင်းအတာများမှာ က မည့်သူ၏ လက်အတိုင်းအထွာသာဖြစ်ရပါမည်။
- ဒိုးချက်လေးဝါးဆိုသည်မှာ 'တို့ ဗေတို့ဗေ တို့ ဗေတို့ဗေ ပြေပြေ တပ်ပြေး တပ်ပြေး' ဖြစ်ပြီး က ရန်အတွက် အသင့်အနေအထားဖြစ်ရန်နှင့် ကကွက်ပြောင်းရန် အချက်ပေးသော တီးလုံးဖြစ်ပါသည်။

### စစ်ဆေးအကဲဖြတ်ချက်

- အခြေခံကဗျာလွတ်အက မစတင်မီ ခွင် ပုံစံကို စနစ်တကျ သိရှိပြီး မှန်ကန်စွာ ခွင် ယူနိုင်သည်။ (A)
- အခြေခံကဗျာလွတ်အက မစတင်မီ ခွင် ပုံစံကို စနစ်တကျ သိရှိပြီး ခွင် ယူနိုင်သည်။ (B)
- အခြေခံကဗျာလွတ်အက မစတင်မီ ခွင် ပုံစံကို မှန်ကန်စွာ မယူနိုင်ပါ။ (C)

DBE BoZ - Copyright Protected

## အခန်း(၃) စည်းဝါး(ခြေရှေ့ထိုး)အက

**ရည်ရွယ်ချက်** – မြန်မာ့အခြေခံကဗျာလွတ် ခြေအကများကို သိရှိပြီး စည်းဝါးတကျ ပျော်ရွှင်စွာ က တတ်ရန်ဖြစ်သည်။

**စာသင်ချိန်** – ၃/၄

### သင်ယူမှုဦးတည်ချက်

စည်းဝါး (ခြေရှေ့ထိုး) အကကို သိရှိပြီး စည်းဝါးတကျ က တတ်ရန်။

### သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ

ကျောင်းသုံးစာအုပ်၊ သင်ထောက်ကူကားချပ်၊ စည်း၊ ဝါး။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း**

- ခွင် ပုံစံယူရာတွင် လိုအပ်သော အတိုင်းအတာများကို ဆရာက ကလေးများကို ပြန်လည်မေးမြန်းဆွေးနွေးပါမည်။(၅ မိနစ်)

**လုပ်ငန်းစဉ်**

- ဆရာက စည်းဝါး(ခြေရှေ့ထိုး) အကကို အောက်ပါအဆင့်များ အတိုင်း ရှင်းပြ၍ ကလေးများကို က ပြရပါမည်။
- စည်းဝါး(ခြေရှေ့ထိုး) အက က ရန်အတွက် ခွင် ပုံစံအနေ အထားယူရပါမည်။
- ပထမစည်းချက်တွင် မူလ ခွင် အနေအထား မပြောင်းဘဲ ညာခြေဖနောင့်ကို ရှေ့သို့ ထိုးရပါမည်။
- ပထမဝါးချက်တွင် ခွင် ပုံစံအနေအထားပြန်ယူရပါမည်။
- ဒုတိယ စည်းချက်တွင် ဘယ်ခြေကိုလည်း ညာခြေအတိုင်း ထိုးပြီး က ရပါမည်။
- ဒုတိယဝါးချက်တွင် ခွင် ပုံစံအနေအထားပြန်ယူရပါမည်။
- အထက်ပါအဆင့်များအတိုင်း ဆရာက ကပြပြီး ကလေးများ ကို ဆရာနှင့်အတူလိုက်၍ က စေပါမည်။ ဤနည်းအတိုင်း စည်း ၈ ချက် ဝါး ၈ ချက်ပြည့်အောင် က ရပါမည်။(၁၀ မိနစ်)

**နိဂုံး**

- ကလေးများကို သင့်တော်သလိုအဖွဲ့ဖွဲ့ပြီး စည်းဝါး(ခြေရှေ့ ထိုး) အကကို တစ်ဖွဲ့ချင်းစီအလှည့်ကျ က ရ ပါမည်။ ဆရာက စည်းဝါး တီးပေးပြီး ကျန်ကလေးများက စည်းဝါးကို လိုက်ဆိုပြီး ကြည့်ရှုအားပေးရပါမည်။(၅ မိနစ်)




### သတိပြုရမည့်အချက်များ

- စည်းဝါး (ခြေရှေ့ထိုး)အက က ရာတွင် ခြေဖနောင့်ကို အရှေ့သို့ ထုတ်ပြီးခြေဖျားထောင်၍ က ရကြောင်းကို ကလေးများနားလည် အောင် ရှင်းပြရပါမည်။
- ကလေးများ က ရာတွင် အစပိုင်းတွင် ဖြည်းညင်းစွာ က စေပြီး မှန်သွားပါက စည်းဝါးတကျ မှန်မှန်ကစေပါမည်။
- စည်းချက်တွင် ခြေ လှုပ်ရှား က ရပြီး ဝါးချက်တွင် ခွင် ပုံစံအနေ အထားသို့ ပြန်ယူရမည်ကို ကလေးများနားလည်အောင် ရှင်းပြ ရပါမည်။
- က သည့်အခါ ကလေးများကို ပြုံးရွှင်စွာ က စေပါမည်။
- ခြေအကများကို ပန်တျာမူအတိုင်း ရေးသားထားခြင်း ဖြစ်ပါသည်။


### စစ်ဆေးအကဲဖြတ်ချက်

- စည်းဝါး(ခြေရှေ့ထိုး)အကကို သိရှိပြီး စည်း ဝါးတကျ ပျော်ရွှင်စွာ က နိုင်သည်။ (A)
- စည်းဝါး(ခြေရှေ့ထိုး)အကကို သိရှိပြီး စည်းဝါးတကျ က နိုင်သည်။ (B)
- စည်းဝါး(ခြေရှေ့ထိုး)အကကို စည်းဝါးတကျ မက နိုင်ပါ။ (C)

DBE Box . Copyright Protected

အခန်း(၃) စည်းဝါး(ခြေရှေ့ထိုး)အက

**စည်းဝါး(ခြေရှေ့ထိုး)အက စုပေါင်းကကြစို့**




၁၇

## သတိပြုရမည့်အချက်များ

- ခြေရှေ့ထိုးအက က ရာတွင် စည်းချက်တွင် ခြေကိုလှုပ်ရှား ကရပြီး ဝါးချက်တွင် ခွင် ပုံစံအနေအထားပြန်နေရမည်ကို ကလေးများအား သတိပေးစကားပြောရပါမည်။
- ကသည့်အခါ ကလေးများကို ပြုံးရွှင်စွာ က စေပါမည်။
- မကတတ်သည့် ကလေးများရှိပါက အဖွဲ့အတွင်းမှ က တတ်သည့် ကလေးများနှင့်အတူတွဲ၍ က စေပါမည်။

## စစ်ဆေးအကဲဖြတ်ချက်

- စည်းဝါး(ခြေရှေ့ထိုး)အကကို အဖွဲ့လိုက် ညီညာစွာဖြင့် စည်းဝါးတကျ ပျော်ရွှင်စွာ က နိုင်သည်။ (A)
- စည်းဝါး(ခြေရှေ့ထိုး)အကကို အဖွဲ့လိုက် ညီညာစွာဖြင့် စည်းဝါးတကျ က နိုင်သည်။ (B)
- စည်းဝါး(ခြေရှေ့ထိုး)အကကို အဖွဲ့လိုက် ညီညာစွာဖြင့် စည်းဝါးတကျ မက နိုင်ပါ။ (C)

# အခန်း(၃) စည်းဝါး(ခြေရှေ့ထိုး)အက

**ရည်ရွယ်ချက်** – မြန်မာ့အခြေခံကဗျာလွတ် ခြေအကများကို သိရှိပြီး စည်းဝါးတကျ ပျော်ရွှင်စွာ က တတ်ရန်ဖြစ်သည်။

**စာသင်ချိန်** – ၄/၄

## သင်ယူမှုဦးတည်ချက်

စည်းဝါး(ခြေရှေ့ထိုး)အကကို အဖွဲ့လိုက် ညီညာစွာဖြင့် စည်းဝါးတကျ က တတ်ရန်။

## သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ

ကျောင်းသုံးစာအုပ်၊ သင်ထောက်ကူကားချပ်၊ စည်း၊ ဝါး။

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း**

- စည်းဝါး(ခြေရှေ့ထိုး)အကအကြောင်းကို ဆရာက ကလေးများကို ပြန်လည်မေးမြန်းဆွေးနွေးပါမည်။(၅ မိနစ်)

**လုပ်ငန်းစဉ်**

- ဆရာက စည်းဝါး(ခြေရှေ့ထိုး)အကကို အောက်ပါအဆင့်များအတိုင်း ကလေးများအား ပြန်လည်လေ့ကျင့် က စေပါမည်။
- ခြေရှေ့ထိုးအက က ရန်အတွက် ကလေးများကို သင့်တော်သလို အဖွဲ့ဖွဲ့ပေးရပါမည်။
- အဖွဲ့ဖွဲ့ထားသောကလေးများကို အဖွဲ့အလိုက်လေ့ကျင့် က စေပါမည်။ အဖွဲ့အလိုက် ညီညာမှုရှိ မရှိကို အချင်းချင်းကြည့်ရှု စေပါမည်။
- ဆရာက စည်းဝါးတီးပေးပြီး ကလေးများကိုလည်း စည်းဝါးဆို၍ က စေပါမည်။
- လေ့ကျင့်ပြီးပါက အဖွဲ့လိုက် အတန်းရှေ့သို့ထွက်စေပြီး အဖွဲ့လိုက် ညီညာစွာ စည်းဝါးတကျ က စေပါမည်။
- တစ်ဖွဲ့ က လျှင် ကျန်အဖွဲ့များက စည်းဝါးလိုက်ဆိုပြီး ကြည့်ရှုအားပေးရပါမည်။(၃၀ မိနစ်)

**နိဂုံး**

- ကလေးများ အားလုံးကို စုပေါင်းပြီး စည်းဝါး(ခြေရှေ့ထိုး)အကကို ညီညာစွာ က စေပါမည်။(၅ မိနစ်)

DBE Box - Copyright Protected

# သင်ကြားမှုအစီအစဉ်နှင့် ဆရာလမ်းညွှန်

## ၂.၄။ အခန်း(၄) စည်းဝါး(ခြေနောက်ထိုး)အက

တတိယတန်း (နိုဝင်ဘာလ ဒုတိယပတ် မှ ဒီဇင်ဘာလ ပထမပတ်အထိ)

| | |
|---|---|
| သင်ခန်းစာခေါင်းစဉ် | စည်းဝါး(ခြေနောက်ထိုး)အက |
| ရည်ရွယ်ချက် | မြန်မာ့အခြေခံကဗျာလွတ် ခြေအကများကို သိရှိပြီး စည်းဝါးတကျ ပျော်ရွှင်စွာ က တတ်ရန်ဖြစ်သည်။ |
| သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ | ကျောင်းသုံးစာအုပ်၊ သင်ထောက်ကူကားချပ်များ၊ စည်း၊ ဝါး။ |
| သင်ကြားမည့် အကြောင်းအရာ | - စည်းဝါး(ခြေနောက်ထိုး)အကကို နားလည်သိရှိပြီး ပျော်ရွှင်စွာ က မည်။<br>- စည်းဝါး(ခြေနောက်ထိုး)အကကို စည်းဝါးတကျ ညီညာစွာ က မည်။<br>- စည်းဝါး(ခြေရှေ့ထိုး)အကနှင့် စည်းဝါး(ခြေနောက်ထိုး)အကကို တစ်ဆက်တည်း စည်းဝါးတကျ ပျော်ရွှင်စွာ က မည်။<br>- စည်းဝါး(ခြေရှေ့ထိုး)အကနှင့် စည်းဝါး(ခြေနောက်ထိုး)အကများအပြင် သင်ကြားခဲ့ဖူးသောအကများကို ပေါင်းစပ်ကာ အဖွဲ့လိုက် စည်းဝါးတကျ ပျော်ရွှင်စွာ က မည်။<br>ဤသင်ခန်းစာတွင် မြန်မာ့အခြေခံကဗျာလွတ် ခြေအကတစ်မျိုးဖြစ်သည့် စည်းဝါး(ခြေနောက်ထိုး)အကကို နားလည်သိရှိကာ အခြေခံခွင်ပုံစံ၊ ခြေရှေ့ထိုးအကတို့နှင့် တစ်ဆက်တည်း စည်းဝါးတကျ က တတ်ရန် လေ့ကျင့်မည်။ သင်ယူခဲ့ဖူးသော အကများကို ပေါင်းစပ်ကာ အဖွဲ့လိုက်ပျော်ရွှင်စွာဖြင့် စည်းဝါးတကျ ညီညာစွာ က တတ်ရန် လေ့ကျင့်မည်။ |
| စုစုပေါင်းသင်ကြားချိန် | စာသင်ချိန် ၄ ချိန် |

| စာသင်ချိန် | သင်ယူမှုဦးတည်ချက် | စစ်ဆေးအကဲဖြတ်ချက် (သင့်အဆင့်) |
|---|---|---|
| ၁။ | စည်းဝါး(ခြေနောက်ထိုး)အကကို သိရှိပြီး စည်းဝါးတကျ က တတ်ရန်။ | စည်းဝါး(ခြေနောက်ထိုး)အကကို သိရှိပြီး စည်းဝါးတကျ က နိုင်သည်။ |
| ၂။ | စည်းဝါး(ခြေနောက်ထိုး)အကကို အဖွဲ့လိုက် ညီညာစွာဖြင့် စည်းဝါးတကျ က တတ်ရန်။ | စည်းဝါး(ခြေနောက်ထိုး)အကကို စည်းဝါးတကျ အဖွဲ့လိုက် ညီညာစွာ က နိုင်သည်။ |
| ၃။ | စည်းဝါး(ခြေရှေ့ထိုး)အကနှင့် စည်းဝါး(ခြေနောက်ထိုး)အကကို တစ်ဆက်တည်း စည်းဝါးတကျ က တတ်ရန်။ | စည်းဝါး(ခြေရှေ့ထိုး)အကနှင့် စည်းဝါး(ခြေနောက်ထိုး) အကကို တစ်ဆက်တည်း စည်းဝါးတကျ က နိုင်သည်။ |
| ၄။ | စည်းဝါး(ခြေရှေ့ထိုး)နှင့် စည်းဝါး(ခြေနောက်ထိုး)အကများ အပြင်သင်ယူခဲ့ဖူးသော အကများကို ပေါင်းစပ်ကာ အဖွဲ့လိုက် စည်းဝါးတကျ ပျော်ရွှင်စွာ က တတ်ရန်။ | စည်းဝါး(ခြေရှေ့ထိုး)နှင့် စည်းဝါး(ခြေနောက်ထိုး)အကများ အပြင်သင်ယူခဲ့ဖူးသော အကများကို ပေါင်းစပ်ကာ အဖွဲ့လိုက် စည်းဝါးတကျ ပျော်ရွှင်စွာ က နိုင်သည်။ |

DBE Box - Copyright Protected




## အခန်း(၄) စည်းဝါး(ခြေနောက်ထိုး)အက

**ရည်ရွယ်ချက်** – မြန်မာ့အခြေခံကဗျာလွတ် ခြေအကများကို သိရှိပြီး စည်းဝါးတကျ ပျော်ရွှင်စွာ က တတ်ရန်ဖြစ်သည်။

**စာသင်ချိန်** – ၁/၄

### သင်ယူမှုဦးတည်ချက်

စည်းဝါး(ခြေနောက်ထိုး)အကကို သိရှိပြီး စည်းဝါးတကျ က တတ်ရန်။

### သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ

ကျောင်းသုံးစာအုပ်၊ သင်ထောက်ကူကားချပ်၊ စည်း၊ ဝါး။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း**

- ဆရာက ကလေးများအား စည်းဝါး(ခြေရှေ့ထိုး)အကကို ပြန်လည် က စေပါမည်။ က ရာတွင် စည်း ၈ ချက် ဝါး ၈ ချက်ပြည့်အောင် က စေပါမည်။(၅ မိနစ်)

**လုပ်ငန်းစဉ်**

- ဆရာက စည်းဝါး(ခြေနောက်ထိုး)အကကို အောက်ပါအဆင့်များ အတိုင်းရှင်းပြ၍ ကလေးများကို က ပြရပါမည်။
- စည်းဝါး(ခြေနောက်ထိုး)အက က ရန်အတွက် ခွင်ပုံစံအနေအထား ယူရပါမည်။
- ပထမစည်းချက်တွင် ညာခြေကို ဘယ်ခြေအနောက်သို့ ထိုး၍ ခြေဖျားထောက်ပြီး ဖနောင့် ထောင်ထားရပါမည်။
- ပထမဝါးချက်တွင် ခွင် ပုံစံအနေအထား ပြန်ယူရပါမည်။
- ဒုတိယ စည်းချက်တွင် ဘယ်ခြေကို ညာခြေအနောက်သို့ ထိုး၍ ခြေဖျားထောက်ပြီး ဖနောင့် ထောင်ထားရပါမည်။
- ဒုတိယဝါးချက်တွင် ခွင် ပုံစံအနေအထား ပြန်ယူရပါမည်။
- ကလေးများကို ဆရာနှင့်အတူဖြည်းညင်းစွာ က စေပါမည်။
- ကလေးများ ကသည့်အခါ ဆရာက စည်းဝါးတီးပေးပြီး အက အဆင့်များ မှန်ကန်မှု ရှိ မရှိ ကြည့်ရှုပေးရပါမည်။
- အထက်ပါအဆင့်များအတိုင်း စည်း ၈ ချက် ဝါး ၈ ချက်ပြည့်အောင် က ရပါမည်။(၃၀ မိနစ်)

**နိဂုံး**

- စည်းဝါး(ခြေနောက်ထိုး)အကကို အဖွဲ့အလိုက် တစ်ဖွဲ့ချင်းစီ က စေပါ မည်။ ဆရာက စည်းဝါးတီးပေးပြီး ကျန်အဖွဲ့များက လိုက်ဆို၍ စည်းချက် လိုက်စေပါမည်။(၅ မိနစ်)

### သတိပြုရမည့်အချက်များ

- စည်းဝါး(ခြေနောက်ထိုး)အက က ရာတွင် စည်းချက်တွင် ညာခြေကို ဘယ်ခြေအနောက်သို့ ထိုးပြီး ဝါးချက်တွင် ခွင် ပုံစံအနေအထား ပြန်နေရမည်ကို ကလေးများအား သေချာစွာ ရှင်းပြရပါမည်။
- မကတတ်သော ကလေးများရှိပါက ကတတ်သည့် ကလေးများနှင့် တွဲ၍ လေ့ကျင့် က စေပါမည်။
- ကလေးများ ညီညာစွာ က စေရန်အတွက် ဆရာက စည်းဝါးမှန်မှန် တီးပေးရပါမည်။ စည်းဝါးမရှိပါက နှုတ်မှ စည်းဝါးဆို၍ က နိုင်ပါသည်။
- အစပိုင်းတွင် အဆင့်မများစေရန် သတိထား၍ က စေပါမည်။ မှန်ကန်စွာ ကတတ်သွားပါက စည်းဝါးမှန်စွာ က စေပါမည်။
- ကသည့်အခါ ကလေးများကို ပြုံးရွှင်စွာ က စေပါမည်။

### စစ်ဆေးအကဲဖြတ်ချက်

- စည်းဝါး(ခြေနောက်ထိုး)အကကို သိရှိပြီး စည်းဝါးတကျ ပျော်ရွှင်စွာ က နိုင်သည်။
- စည်းဝါး(ခြေနောက်ထိုး)အကကို သိရှိပြီး စည်းဝါးတကျ က နိုင်သည်။ (B)
- စည်းဝါး(ခြေနောက်ထိုး)အကကို စည်းဝါးတကျ မက နိုင်ပါ။ (C)

DBE Box - Copyright Protected

## အခန်း(၄) စည်းဝါး(ခြေနောက်ထိုး)အက

**ရည်ရွယ်ချက်** – မြန်မာ့အခြေခံကဗျာလွတ် ခြေအကများကို သိရှိပြီး စည်းဝါးတကျ ပျော်ရွှင်စွာ က တတ်ရန်ဖြစ်သည်။

**စာသင်ချိန်** – ၂/၄

### သင်ယူမှုဦးတည်ချက်

စည်းဝါး(ခြေနောက်ထိုး)အကကို အဖွဲ့လိုက် ညီညာစွာဖြင့် စည်းဝါးတကျ က တတ်ရန်။

### သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ

ကျောင်းသုံးစာအုပ်၊ သင်ထောက်ကူကားချပ်၊ စည်း၊ ဝါး။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း**

- ဆရာက စည်းဝါး(ခြေနောက်ထိုး)အကကို ပြန်လည် မေးမြန်းဆွေးနွေးပါမည်။(၅ မိနစ်)

**လုပ်ငန်းစဉ်**

- စည်းဝါး (ခြေနောက်ထိုး)အကကို ပြန်လည်လေ့ကျင့် က ရန်အတွက် ကလေးများကို သင့်လျော်သလို အဖွဲ့ ဖွဲ့ပေးရပါမည်။
- ညီညာစွာ က နိုင်ရန်အတွက် အဖွဲ့တိုင်းကို လေ့ကျင့် က စေပါမည်။
- တစ်ဖွဲ့ချင်းစီရှေ့ထွက်၍ က စေပါမည်။ တစ်ဖွဲ့ က လျှင် ဆရာနှင့် ကျန်အဖွဲ့များက ကြည့်ရှု အားပေးရပါမည်။
- ဤနည်းအတိုင်း အဖွဲ့တိုင်းကို စည်း ၈ ချက် ဝါး ၈ ချက်ပြည့်အောင် က စေပါမည်။ ဆရာက စည်းဝါး တီးပေးပြီး ကလေးများကိုလည်း စည်းဝါး လိုက်ဆိုစေပါမည်။(၃၀ မိနစ်)

**နိဂုံး**

- ဆရာက စည်းဝါး တီးပေးပြီး ကလေးများအားလုံးကို စုပေါင်း၍ ခြေနောက်ထိုးအကကို က စေပါမည်။ ကလေးများကို စည်းဝါး လိုက်ဆိုစေပါမည်။(၅ မိနစ်)




### သတိပြုရမည့်အချက်များ

- ကသည့်အခါ ကလေးများကို ပြုံးရွှင်စွာ က စေပါမည်။
- အဖွဲ့လိုက်စုပေါင်း၍ ညီညာစွာ က နိုင်ရန် အချင်းချင်းပူးပေါင်းဆောင်ရွက်စေပါမည်။
- ကလေးများအဖွဲ့လိုက် ညီညာစွာ က နိုင်ရန် ကလေးများကိုယ်တိုင် စည်းဝါးဆို၍ က စေပါမည်။
- စည်းဝါးမရှိလျှင် ဆရာက နှုတ်ဖြင့် စည်းဝါးဆို၍ ဝါးနေရာတွင် လက်ခုပ်တီးပေး၍ က စေပါမည်။


### စစ်ဆေးအကဲဖြတ်ချက်

- စည်းဝါး(ခြေနောက်ထိုး)အကကို အဖွဲ့လိုက် ညီညာမှန်ကန်စွာဖြင့် စည်းဝါးတကျ က နိုင်သည်။ (A)
- စည်းဝါး(ခြေနောက်ထိုး)အကကို အဖွဲ့လိုက် ညီညာစွာဖြင့် စည်းဝါးတကျ က နိုင်သည်။ (B)
- စည်းဝါး(ခြေနောက်ထိုး)အကကို မှန်ကန်စွာ မက နိုင်ပါ။ (C)

DBEBox - Copyright Protected

အခန်း(၄) စည်းဝါး(ခြေနောက်ထိုး)အက

**နှစ်ယောက်တစ်တွဲ ကကြစို့**




၁၉

## သတိပြုရမည့်အချက်များ

- စည်းဝါး(ခြေရှေ့ထိုး)နှင့် စည်းဝါး(ခြေနောက်ထိုး)အက ကရာတွင် အက တစ်ခုနှင့် တစ်ခုအကူးအပြောင်းတွင် ညင်သာစွာ ကူးပြောင်းရန် ကလေးများကို သတိပေးစကား ပြောကြားပေးရပါမည်။
- က သည့်အခါ ကလေးများကို ပြုံးရွှင်စွာ က စေပါမည်။
- အဖွဲ့တိုင်းကို ဆရာက ချီးကျူးစကားပြောပေးရပါမည်။

## စစ်ဆေးအကဲဖြတ်ချက်

- စည်းဝါး(ခြေရှေ့ထိုး)အကနှင့် စည်းဝါး(ခြေနောက်ထိုး)အကကို တစ်ဆက်တည်း စည်းဝါးတကျ ပျော်ရွှင်စွာ က နိုင်သည်။ (A)
- စည်းဝါး(ခြေရှေ့ထိုး)အကနှင့် စည်းဝါး(ခြေနောက်ထိုး)အကကို တစ်ဆက်တည်း စည်းဝါးတကျ က နိုင်သည်။ (B)
- စည်းဝါး(ခြေရှေ့ထိုး)အကနှင့် စည်းဝါး(ခြေနောက်ထိုး)အကကို စည်းဝါးတကျ မက နိုင်ပါ။ (C)

## အခန်း(၄) စည်းဝါး(ခြေနောက်ထိုး)အက

**ရည်ရွယ်ချက်** – မြန်မာ့အခြေခံကဗျာလွတ် ခြေအကများကို သိရှိပြီး စည်းဝါးတကျ ပျော်ရွှင်စွာ က တတ်ရန်ဖြစ်သည်။

**စာသင်ချိန်** – ၃/၄

### သင်ယူမှုဦးတည်ချက်

စည်းဝါး(ခြေရှေ့ထိုး)အကနှင့် စည်းဝါး(ခြေနောက်ထိုး)အကကို တစ်ဆက်တည်း စည်းဝါးတကျ က တတ်ရန်။

### သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ

ကျောင်းသုံးစာအုပ်၊ သင်ထောက်ကူကားချပ်၊ စည်း၊ ဝါး။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း**

- ဆရာက စည်းဝါး(ခြေရှေ့ထိုး) နှင့် စည်းဝါး(ခြေနောက်ထိုး) အက အကြောင်းကို ပြန်လည်မေးမြန်းဆွေးနွေးပါမည်။ (၅ မိနစ်)

**လုပ်ငန်းစဉ်**

- ဆရာက စည်းဝါး(ခြေရှေ့ထိုး)နှင့် စည်းဝါး(ခြေနောက်ထိုး) အကကို တစ်ဆက်တည်း က ပြမည်။ အကတစ်ခုနှင့် တစ်ခု အကူးအပြောင်းတွင် ညင်သာစွာ ကူးပြောင်း၍ က ပြရပါမည်။
- ဆရာနှင့်အတူ ကလေးများကို စည်းဝါး(ခြေရှေ့ထိုး)နှင့် စည်းဝါး(ခြေနောက်ထိုး)အကကို စည်း ၈ ချက် ဝါး ၈ ချက် ပြည့်အောင်တစ်ဆက်တည်း က စေပါမည်။ ဆရာက စည်းဝါး တီးပေးပြီး ကလေးများကိုလည်း စည်းဝါး လိုက်ဆိုစေပါမည်။
- ကလေးများကို နှစ်ယောက်တစ်တွဲ တွဲပေးရပါမည်။ စည်းဝါး (ခြေရှေ့ထိုး)နှင့် စည်းဝါး(ခြေနောက်ထိုး)အကကို အချင်းချင်း မှန်၊ မမှန် အပြန်အလှန်ကြည့်ရှုစေပြီး စည်း ၈ ချက် ဝါး ၈ ချက် ပြည့်အောင် က စေပါမည်။
- ဤနည်းအတိုင်း စည်း ၈ ချက် ဝါး ၈ ချက်ပြည့်အောင် က ရပါမည်။ ဆရာက စည်းဝါးတီးပေးပြီး ကလေးများကိုလည်း စည်းဝါး လိုက်ဆိုစေပါမည်။(၃၀ မိနစ်)

**နိဂုံး**

- နှစ်ယောက်တစ်တွဲ တွဲထားသော ကလေးများကို သင့်လျော်သလို အုပ်စုဖွဲ့၍ အတန်းရှေ့သို့ ထွက်စေပြီး အက နှစ်မျိုးစလုံးကို တစ်ဆက်တည်းအလှည့်ကျ က စေပါမည်။ ဆရာက စည်းဝါးတီးပေးပြီး ကျန်အဖွဲ့များက စည်းဝါး လိုက်ဆိုကာ ကြည့်ရှုအားပေးစေပါမည်။(၅ မိနစ်)

DBE Box – Copyright Protected

## အခန်း(၄) စည်းဝါး(ခြေနောက်ထိုး)အက

**ရည်ရွယ်ချက်** – မြန်မာ့အခြေခံကဗျာလွတ် ခြေအကများကို သိရှိပြီး စည်းဝါးတကျ ပျော်ရွှင်စွာ က တတ်ရန်ဖြစ်သည်။

**စာသင်ချိန်** – ၄/၄

### သင်ယူမှုဦးတည်ချက်

စည်းဝါး(ခြေရှေ့ထိုး)နှင့် စည်းဝါး(ခြေနောက်ထိုး) အကများ အပြင်သင်ကြားခဲ့ဖူးသော အကများကို ပေါင်းစပ်၍ အဖွဲ့လိုက် စည်းဝါးတကျပျော်ရွှင်စွာ က တတ်ရန်။

### သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ

ကျောင်းသုံးစာအုပ်၊ သင်ထောက်ကူကားချပ်၊ စည်း၊ ဝါး။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း**

- ဆရာက စည်းဝါး(ခြေရှေ့ထိုး)နှင့် စည်းဝါး(ခြေနောက်ထိုး) အကများ၏ ကရမည့်အဆင့်များကို ပြန်လည်မေးမြန်းဆွေးနွေးပါမည်။(၅ မိနစ်)

**လုပ်ငန်းစဉ်**

- အခန်း(၅)တွင် သင်ကြားခဲ့သော 'အားလုံးလှ' တေးကဗျာကို ကလေးများအား ပြ၍ 'ဒီနေ့ ဒီသီချင်းလေးနဲ့ လိုက်တဲ့ သင်ခဲ့ဖူးတဲ့ အကတွေကို ပေါင်းပြီး ကကြရအောင်' ဟု ပြောပြီး ကလေးများကို ဆရာက သီချင်းကို ဝါးလတ်စည်းဖြင့် တီး၍ ဆိုပြရပါမည်။
- ကလေးများကို သင့်တော်သလို အဖွဲ့ ဖွဲ့ပေးရပါမည်။ ဆရာ ရွေးချယ်ထားသော တေးသီချင်းအား ကလေးများကို သီဆိုလေ့ကျင့်စေပါမည်။
- စည်းဝါး(ခြေရှေ့ထိုး)နှင့် စည်းဝါး(ခြေနောက်ထိုး)အကများ အပြင် သင်ကြားခဲ့ဖူးသော အကများကို ပေါင်းစပ်၍ သီချင်းနှင့် လိုက်ဖက်ညီအောင် မည်သို့ ကကြမည်ကို အဖွဲ့လိုက် ဆွေးနွေး တိုင်ပင်စေပါမည်။
- အဖွဲ့အလိုက် ကမည့် အကများကို ရွေးချယ်ပြီးပါက ကလေးများကို သီချင်းဆိုရင်း စည်းချက်နှင့်အညီ လေ့ကျင့် က စေပါမည်။(၁၀ မိနစ်)

**နိဂုံး**

- တစ်ဖွဲ့ချင်းစီကို ဆွေးနွေးတိုင်ပင်ထားသည့်အတိုင်း အလှည့်ကျ အတန်းရှေ့ထွက်စေပြီး က စေပါမည်။ ဆရာက စည်းဝါးတီးပေးပြီး ကလေးများကို သီချင်းဆို၍ က စေပါမည်။ (၅ မိနစ်)



**အဖွဲ့လိုက် စုပေါင်းကကြစို့**

သင်ခဲ့တဲ့အကတွေကို ပေါင်းစပ်ပြီး သီချင်းလေးနဲ့ လိုက်ဖက်ညီအောင် ကကြမယ်
သီချင်းဆိုပြီး ပြုံးပြုံးလေးကကြမယ်နော်





စည်းချက်လိုက်ပြီး သီချင်းဆိုပေးကြမယ်



### သတိပြုရမည့်အချက်များ

- က သည့်အခါ ကလေးများကို ပြုံးရွှင်စွာ က စေပါမည်။
- အဖွဲ့တိုင်းကို ဆရာက ချီးကျူးစကားပြောပေးရပါမည်။
- အကများ စုပေါင်းကသည့်အခါ ခြေအကများကို သေချာစွာ ထည့်သွင်း က စေပါမည်။
- အဖွဲ့လိုက်ညီညာစွာ က နိုင်ရန် ကလေးကို ကိုယ်တိုင် တေးသီချင်းသီဆို၍ က စေပါမည်။
- ဒေသအလိုက် မိမိတို့နှစ်သက်သည့် သီချင်းကိုလည်း အသုံးပြု၍ က နိုင်ပါသည်။

### စစ်ဆေးအကဲဖြတ်ချက်

- စည်းဝါး(ခြေရှေ့ထိုး)နှင့် စည်းဝါး(ခြေနောက်ထိုး)အကများ အပြင် သင်ကြားခဲ့ပြီးသော အကများကို ဖန်တီးပေါင်းစပ်၍ အဖွဲ့လိုက်အားလုံးပါဝင်ပြီး စည်းဝါးတကျ ပျော်ရွှင်စွာ က နိုင်သည်။ (A)
- စည်းဝါး(ခြေရှေ့ထိုး)နှင့် စည်းဝါး(ခြေနောက်ထိုး)အကများ အပြင်သင်ကြားခဲ့ပြီးသော အကများကို ပေါင်းစပ်၍ အဖွဲ့လိုက် စည်းဝါးတကျ ပျော်ရွှင်စွာ က နိုင်သည်။ (B)
- စည်းဝါး(ခြေရှေ့ထိုး)နှင့် စည်းဝါး(ခြေနောက်ထိုး)အကများ အပြင်သင်ကြားခဲ့ဖူးသော အကများကို ပေါင်းစပ်၍ အဖွဲ့လိုက် မှန်ကန်စွာ မက နိုင်ပါ။ (C)

DBE Box - Copyright Protected

## ၂.၅။ အခန်း(၅) အားလုံးလှ

တတိယတန်း (စက်တင်ဘာလ တတိယပတ် မှ နိုဝင်ဘာလ ပထမပတ်အထိ)

| | |
|---|---|
| သင်ခန်းစာခေါင်းစဉ် | အားလုံးလှ |
| ရည်ရွယ်ချက် | တေးကဗျာနှင့် ဂီတသင်္ကေတကို အသံနေအသံထား မှန်ကန်စွာ သီဆို၍ ပလွေကို လက်ပေါက်မှန်ကန်စွာဖြင့် သာယာစွာ မှုတ်တတ်ရန်ဖြစ်သည်။ |
| သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ | ကျောင်းသုံးစာအုပ်၊ သင်ထောက်ကူကားချပ်များ (Staccato)၊ စည်း၊ ဝါး။ |
| သင်ကြားမည့် အကြောင်းအရာ | - တေးကဗျာ နှင့် ဂီတသင်္ကေတကို အသံနေအသံထား မှန်ကန်စွာဖြင့် စိတ်ရောကိုယ်ပါ သီဆိုမည်။<br>- ဂီတသင်္ကေတကို သီဆိုပြီး တေးကဗျာကို လက်ပေါက် မှန်ကန်စွာဖြင့် သာယာစွာ ပလွေဖြင့် မှုတ်မည်။<br>- အသံတို အသံပြတ် သင်္ကေတ (Staccato) တီးမှုတ်ပုံကို လေ့ကျင့်မည်။<br>- အဖွဲ့လိုက် စည်းဝါးတကျ ပလွေမှုတ်ပြီး၊ ကိုယ်ဟန်အမူအရာပြုလုပ်ကာ ပေါင်းစပ် သီဆိုမည်။<br>ဤသင်ခန်းစာတွင် အသံတိုအသံပြတ်သင်္ကေတ (Staccato) ကို ပလွေဖြင့် မှုတ်နိုင်ရန် လေ့ကျင့်မည်။ စာသင်ချိန် (၁) တွင် သီချင်းစာသားနှင့် ဂီတသင်္ကေတကို အသံနေအသံထား မှန်ကန်စွာသီဆိုမည်။ စာသင်ချိန် (၂)နှင့် (၃)တွင် ဂီတသင်္ကေတကို သီဆိုပြီး လက်ပေါက်မှန်ကန်စွာဖြင့် ပလွေမှုတ်မည်။ စာသင်ချိန် (၄)တွင် အသံတို အသံပြတ်သင်္ကေတ (Staccato) ကို နားလည်သိရှိပြီး တေးကဗျာတွင် အသုံးချ၍ မှုတ်နိုင်ရန် လေ့ကျင့်မည်။ စာသင်ချိန် (၅)တွင် အဖွဲ့လိုက် သီဆိုတီးမှုတ်၍ သရုပ်ဖော်မည်။ |
| စုစုပေါင်းသင်ကြားချိန် | စာသင်ချိန် ၅ ချိန် |

| **စာသင်ချိန်** | **သင်ယူမှုဦးတည်ချက်** | **စစ်ဆေးအကဲဖြတ်ချက် (သင့်အဆင့်)** |
|---|---|---|
| ၁။ | တေးကဗျာနှင့် ဂီတသင်္ကေတကို စည်းဝါးတကျ စိတ်ရောကိုယ်ပါ သီဆိုတတ်ရန်။ | တေးကဗျာနှင့် ဂီတသင်္ကေတကို စည်းဝါးတကျ စိတ်ရောကိုယ်ပါ သီဆိုနိုင်သည်။ |
| ၂။ | ဂီတသင်္ကေတကိုကြည့်၍ ပလွေဖြင့် ပျော်ရွှင်စွာ မှုတ်တတ်ရန်။ | ဂီတသင်္ကေတကိုကြည့်၍ ပလွေဖြင့် ပျော်ရွှင်စွာ မှုတ်နိုင်သည်။ |
| ၃။ | ဂီတသင်္ကေတကို ကြည့်၍ တေးကဗျာကို ပလွေဖြင့် လက်ပေါက် မှန်ကန်စွာ မှုတ်တတ်ရန်။ | ဂီတသင်္ကေတကို ကြည့်၍ တေးကဗျာကို ပလွေဖြင့် လက်ပေါက် မှန်ကန်စွာ မှုတ်နိုင်သည်။ |
| ၄။ | (Staccato) သင်္ကေတ၏ အဓိပ္ပာယ်ကို နားလည်သိရှိပြီး တေးကဗျာတွင် အသုံးချ၍ မှုတ်တတ်စေရန်။ | (Staccato) သင်္ကေတ၏ အဓိပ္ပာယ်ကို နားလည်သိရှိပြီး တေးကဗျာတွင် အသုံးချ၍ မှုတ်နိုင်သည်။ |
| ၅။ | တေးကဗျာကို အဖွဲ့လိုက် ကိုယ်ဟန်အမူအရာများ ပြုလုပ်ကာ သီဆိုတီးမှုတ်တတ်ရန်။ | တေးကဗျာကို အဖွဲ့လိုက် ကိုယ်ဟန်အမူအရာများ ပြုလုပ်ကာ သီဆိုတီးမှုတ်နိုင်သည်။ |

DBE Box - Copyright Protected

## အခန်း(၅) အားလုံးလှ

**ရည်ရွယ်ချက်** – တေးကဗျာနှင့် ဂီတသင်္ကေတကို အသံနေအသံထား မှန်ကန်စွာ သီဆို၍ ပလွေကို လက်ပေါက်မှန်ကန်စွာဖြင့် သာယာစွာ မှုတ်တတ်ရန်ဖြစ်သည်။ **စာသင်ချိန်** – ၁/၅

### သင်ယူမှုဦးတည်ချက်

တေးကဗျာနှင့် ဂီတသင်္ကေတကို စည်းဝါးတကျ စိတ်ရောကိုယ်ပါ သီဆိုတတ်ရန်။

### သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ

ကျောင်းသုံးစာအုပ်၊ အားလုံးလှ တေးကဗျာ သီချင်းစာသား ပါသောသင်ထောက်ကူကားချပ်၊ စည်း၊ ဝါး။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း**

- ဆရာက ကလေးများကို 'အကသင်ခန်းစာ သင်ယူတဲ့အခါ ဘယ်လိုစည်းချက်လိုက်ခဲ့သလဲ မှတ်မိကြသလား' ဟု မေးခွန်း မေးမည်။ ဖြေလိုသူကလေး (၃-၄)ဦးခန့် ဖြေဆိုပါစေ။ ဆရာက စည်းဝါးကို သုံးပြီး စည်းချက်လိုက်ခဲ့ကြောင်း ရှင်းပြကာ သီဆိုတီးမှုတ်ဖျော်ဖြေတာတွေ၊ မြန်မာ့ရိုးရာအက အကြောင်း တွေ ရေးစပ်ထားတဲ့ သီချင်းကို ပျော်ပျော်ပါးပါး သီဆိုကြမည် ဖြစ်ကြောင်း ရှင်းပြမည်။(၅ မိနစ်)

**လုပ်ငန်းစဉ်**

- 'ဆရာက 'အားလုံးလှ' တေးကဗျာကို သီဆိုကြရအောင်'ဟု ပြောပြီး သင်ထောက်ကူကားချပ် သို့မဟုတ် ကျောင်းသုံးစာအုပ် အား ပြ၍ ကလေးများကို မေးခွန်းမေးပြီး သီချင်းစာသား၏ အဓိပ္ပာယ်ကို ရှင်းပြပါမည်။ကလေးများကောင်းစွာ နားလည်စေ ရန် ဆရာက ဖြည့်စွက်ရှင်းလင်းရပါမည်။
- ဆရာက တေးကဗျာ အစမှအဆုံးထိ အသံနေအသံထား မှန်ကန်စွာဖြင့် စည်းဝါးတီး၍ သုံးကြိမ်ဆိုပြပါမည်။
- တေးကဗျာ တစ်ကြောင်းချင်းစီကို ဆရာဆိုပြသည့်အတိုင်း ကလေးများကို လိုက်ဆိုစေပါမည်။ သီဆိုသည့်အခါ ဆရာက စည်းတီးချိန်တွင် ကလေးများကို လက်ဖျစ်တီးစေ၍ ဆရာ ဝါးတီးချိန်တွင် ခုံကို ပုတ်စေပါမည်။
- တေးကဗျာ အစမှအဆုံးထိ ဆရာနှင့်အတူ သီဆိုစေပါမည်။ ဆရာက 'အားလုံးလှ' တေးကဗျာကို လေးချက်စည်းတီး၍ ဒို ရေ မီ သင်္ကေတကို သီဆိုပြပါမည်။
- ဆရာက ပထမလေးဘားအထိ သီဆိုပြပြီး ကလေးများကို လိုက်ဆိုစေပါမည်။ ဆရာက စည်းဝါးတီးပေးပြီး ကျောင်းသား များက ဆရာနှင့်အတူ ပထမလေးဘားကို သီဆိုစေပါမည်။
- ထိုနည်းအတိုင်း လေးဘားစီကို သီချင်းဆုံးသည်အထိ ဆက်၍ သီဆိုစေပါမည်။ အစမှအဆုံးထိရလျှင် လေးချက်စည်းဖြင့် ဆရာနှင့်အတူ သီဆိုစေပါမည်။
- ထို့နောက် ကလေးများကိုယ်တိုင် တေးကဗျာ အစမှအဆုံးထိ လေးချက်စည်းဖြင့် သင်္ကေတကို သီဆိုစေပါမည်။(၂၅ မိနစ်)

**နိဂုံး**

- အဖွဲ့နှစ်ဖွဲ့ဖွဲ့၍ ပထမအဖွဲ့ကို သီချင်းစာသားအား စည်းဝါး လိုက်၍ သီဆိုစေပါမည်။ ဒုတိယအဖွဲ့က လေးချက်စည်းလိုက် ၍ သီဆိုစေပါမည်။ဤလုပ်ငန်းစဉ်ကို အားလုံးအလှည့်ကျ ပြောင်းလဲ၍ သီဆိုစေပါမည်။(၁၀ မိနစ်)


အခန်း(၅) အားလုံးလှ

**အခန်း(၅) အားလုံးလှ**
**တေးကဗျာကို ပျော်ပျော်ရွှင်ရွှင် ဆိုကြမယ်**

**အားလုံးလှ**

တေးကဗျာ/တေးသံစဉ် - စန္ဒရားချစ်ငွေ

မြူးဖို့ မြူးဖို့ သံစဉ်သာသာ
ဒိုးချက်မြူးသွက် ကကွက်ကဗျာ
စည်းမှာဖနောင့် ဖြောက်မှာဖဝါး
ခေါင်းခါးခြေလက် အပြုံးမျက်နှာ
လှသလောက်ကမှ က သလောက်လှ
ကျကျနန လှပစွာ
တီးလက်ကကွက် စည်းချက်ညီညာ
အားလုံးကမှ အားလုံးလှ။





၂၀

DREBOX - Copyright Protected

### သတိပြုရမည့်အချက်များ

- စည်းအသံနေရာတွင် လက်ဖျစ်တီး၍ ဝါးအသံနေရာတွင် ခုံပုတ် ခြင်း လက်ခုပ်တီးခြင်းတို့ကို ပြုလုပ်ရန်ဖြစ်သည်။
- ကလေးများကို လက်ဖျစ်တီးခြင်း၊ ခုံပုတ်ခြင်း သို့မဟုတ် လက်ခုပ် တီးခြင်းတို့ကို ညင်သာစွာ ပြုလုပ်စေ၍ လက်ဖျစ်တီးရာတွင် အသံမမြည်လျှင်လည်း ရပါသည်။
- သင်္ကေတ သင်ကြားသည့်အခါ သင်ထောက်ကူကားချပ်ကို အသုံး ပြု၍ သင်ကြားလျှင်ပို၍ ထိရောက်နိုင်ပါသည်။
- သင်္ကေတ တန်ဖိုးအတိုင်း မှန်ကန်စွာ သီဆိုနိုင်ရန် စည်းချက် တစ်ချက်ချင်းစီကို ထောက်ပြ၍ ဆိုပြရပါမည်။
- ရိုက်ချက် (Timing) ခေါ်ပေးရာတွင် ကလေးများလိုက်ဆိုနိုင်ရန် ဆရာက ဂရုစိုက်၍ ဖြည်းဖြည်းနှင့် မှန်မှန်ခေါ်ပေးရပါမည်။

### စစ်ဆေးအကဲဖြတ်ချက်

- တေးကဗျာနှင့် ဂီတသင်္ကေတကို အသံနေအသံထား မှန်ကန်စွာ ဖြင့် စည်းဝါးတကျ စိတ်ရောကိုယ်ပါ သီဆိုနိုင်သည်။ (A)
- တေးကဗျာနှင့် ဂီတသင်္ကေတကို စည်းဝါးတကျ စိတ်ရောကိုယ်ပါ သီဆိုနိုင်သည်။ (B)
- တေးကဗျာနှင့် ဂီတသင်္ကေတကို စည်းဝါးတကျ မသီဆိုနိုင်ပါ။ (C)

အခန်း(၅) အားလုံးလှ

**ပျော်ပျော်ရွှင်ရွှင် ပလွေမှုတ်ကြစို့**

**အားလုံးလှ**

တေးကဗျာ/တေးသံစဉ် - စန္ဒရားချစ်ငွေ



JJ

## သတိပြုရမည့်အချက်များ

- ကလေးများလက်ကွက်မှန်ကန်စွာဖြင့် ဖြည်းဖြည်းချင်းမှုတ်နိုင်အောင် ဆရာက ဂရုစိုက်၍ သင်ကြားပေးရပါမည်။
- စတင်လေ့ကျင့်ချိန်တွင် ကလေးများညီညာမှန်ကန်စွာ မှုတ်နိုင်စေရန် ဆရာက ရိုက်ချက်(Timing) ဖြည်းညင်းစွာခေါ်၍ မှုတ်စေပါမည်။
- (V) အမှတ်အသားသည် အသက်ရှုရန် ပြသထားသော သင်္ကေတဖြစ်ပါသည်။ အသက်ရှုသင်္ကေတ (V) နေရာများတွင် မှန်ကန်စွာအသက်ရှု၍ မှုတ်တတ်စေရန် ဂရုစိုက်၍ သင်ကြားပေးရပါမည်။

## စစ်ဆေးအကဲဖြတ်ချက်

- ဂီတသင်္ကေတကိုကြည့်၍ ပလွေဖြင့် စည်းဝါးတကျ ပျော်ရွှင်စွာမှုတ်နိုင်သည်။ (A)
- ဂီတသင်္ကေတကိုကြည့်၍ ပလွေဖြင့် ပျော်ရွှင်စွာ မှုတ်နိုင်သည်။ (B)
- ဂီတသင်္ကေတကိုကြည့်၍ ပလွေဖြင့် ပျော်ရွှင်စွာ မမှုတ်နိုင်ပါ။ (C)

# အခန်း(၅) အားလုံးလှ

**ရည်ရွယ်ချက်** – တေးကဗျာနှင့် ဂီတသင်္ကေတကို အသံနေအသံထားမှန်ကန်စွာ သီဆို၍ ပလွေကို လက်ပေါက်မှန်ကန်စွာဖြင့် သာယာစွာမှုတ်တတ်ရန်ဖြစ်သည်။ **စာသင်ချိန်** – ၂/၅

## သင်ယူမှုဦးတည်ချက်

ဂီတသင်္ကေတကိုကြည့်၍ ပလွေဖြင့် ပျော်ရွှင်စွာ မှုတ်တတ်ရန်။ (ဘား ၁ မှ ဘား ၈ အထိ)

## သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ

ကျောင်းသုံးစာအုပ်၊ သင်ထောက်ကူကားချပ်၊ စည်း၊ ဝါး။

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း**

- စာသင်ချိန် (၁) တွင် သင်ကြားခဲ့သော 'အားလုံးလှ' တေးကဗျာ၏ သင်္ကေတကို လေးချက်စည်းရိုက်ချက်ဖြင့် ပြန်လည်လေ့ကျင့်သီဆိုစေပါမည်။
- ထို့နောက်ဒုတိယတန်းတွင် သင်ကြားခဲ့သော ဂီတသင်္ကေတအသံအနိမ့်အမြင့် (Crotchet, Quaver, Minim) တို့ကို ဆရာနှင့်အတူ ပြန်လည်လေ့ကျင့် တီးမှုတ်စေပါမည်။(၅ မိနစ်)

**လုပ်ငန်းစဉ်**

- ဆရာက 'အားလုံးလှ' တေးကဗျာ၏ သင်္ကေတများကို ပြ၍ တေးကဗျာအစအဆုံးကို မှုတ်ပြပါမည်။
- ထို့နောက်ဆရာက ဘား(၁)မှ ဘား(၄)အထိ ဖြည်းညင်းစွာ မှုတ်ပြမည်။ ထို့နောက် ကလေးများကို တစ်ဘားချင်းစီအား ပလွေလက်ပေါက်မှန်ကန်စွာ ဖွင့်စေပြီး နှုတ်မှ သင်္ကေတကို သီဆိုစေပါမည်။
- ထိုလုပ်ငန်းစဉ်ကို နှစ်ယောက်တစ်တွဲစီတွဲ၍ သင်္ကေတကိုနှုတ်မှ ရွတ်ဆိုစေပြီး လက်ပေါက်မှန် မမှန်ကို အချင်းချင်း ကြည့်ရှုစေပါမည်။ မှားနေပါက အချင်းချင်းကူညီ၍ ပြင်ပေးစေပါမည်။
- လေးဘားအထိရပါက ဆရာနှင့်အတူ သင်္ကေတကိုလက်ပေါက်အဖွင့်အပိတ် မှန်ကန်စေရန် ဂရုစိုက်၍ မှုတ်စေပါမည်။ ပြီးလျှင်ကလေးများ ကိုယ်တိုင် မှုတ်စေပါမည်။
- အထက်ပါနည်းအတိုင်း ဘား(၅)မှ ဘား(၈)အထိ ဆက်လက်လေ့ကျင့်စေပါမည်။
- ပြီးလျှင် ဘား(၁)မှ ဘား(၈)အထိ ပေါင်း၍ တစ်ဆက်တည်းလေ့ကျင့်စေပါမည်။(၂၅ မိနစ်)

**နိဂုံး**

- အဖွဲ့ဖွဲ့၍သော်လည်းကောင်း၊ နှစ်ယောက်တစ်တွဲစီတွဲ၍သော်လည်းကောင်း 'အားလုံးလှ' တေးကဗျာ၏ ဘား(၁)မှ ဘား(၈)အထိ မှုတ်စေပါမည်။(၁၀ မိနစ်)

DBE Box - Copyright Protected

## အခန်း(၅) အားလုံးလှ

**ရည်ရွယ်ချက်** – တေးကဗျာနှင့် ဂီတသင်္ကေတကို အသံနေအသံထား မှန်ကန်စွာ သီဆို၍ ပလွေကို လက်ပေါက်မှန်ကန်စွာဖြင့် သာယာစွာ မှုတ်တတ်ရန်ဖြစ်သည်။ **စာသင်ချိန်** – ၃/၅

### သင်ယူမှုဦးတည်ချက်

ဂီတသင်္ကေတကို ကြည့်၍ တေးကဗျာကို ပလွေဖြင့် လက်ပေါက် မှန်ကန်စွာ မှုတ်တတ်ရန်။ (ဘား ၉ မှ ဘား ၁၆ အထိ)

### သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ

ကျောင်းသုံးစာအုပ်၊ သင်ထောက်ကူကားချပ်၊ ပလွေ၊ စည်း၊ ဝါး။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း**

- စာသင်ချိန် (၂)တွင် သင်ကြားခဲ့သော ပထမ ၈ ဘားကို ပြန်လည်လေ့ကျင့်စေပါမည်။(၅ မိနစ်)

**လုပ်ငန်းစဉ်**

- ဆရာက ဘား(၉)မှ ဘား(၁၂)အထိ ဖြည်းညင်းစွာ မှုတ်ပြပြီး ကလေးများကို နားထောင်စေပါမည်။
- ကလေးများကို တစ်ဘားချင်းစီအား ပလွေလက်ပေါက် မှန်ကန်စွာ ဖွင့်စေပြီး နှုတ်မှ သင်္ကေတကို သီဆိုစေပါမည်။
- ထိုလုပ်ငန်းစဉ်ကို နှစ်ယောက်တစ်တွဲစီတွဲ၍ သင်္ကေတကိုနှုတ်မှ ရွတ်ဆိုစေပြီး လက်ပေါက်မှန် မမှန်ကို အချင်းချင်း ကြည့်ရှုစေပါမည်။ မှားနေပါက အချင်းချင်းကူညီ၍ ပြင်ပေးစေပါမည်။
- ဘား(၉)မှ ဘား(၁၂)အထိရပါကဆရာနှင့်အတူ သင်္ကေတကို လက်ပေါက်အဖွင့်အပိတ် မှန်ကန်စေရန် ဂရုစိုက်၍ မှုတ်စေပါမည်။ ပြီးလျှင်ကလေးများ ကိုယ်တိုင် မှုတ်စေပါမည်။
- အထက်ပါနည်းအတိုင်း ဘား(၁၃)မှ ဘား(၁၆)အထိဆက်လက် လေ့ကျင့်စေပါမည်။
- ဘား(၁)မှ ဘား(၁၆) အထိ ဆရာက မှုတ်ပြ၍ ကလေးများကို လိုက်မှုတ်စေပါမည်။ ပြီးလျှင်ကလေးများကိုယ်တိုင် ဘား(၁) မှ ဘား(၁၆)အထိ တစ်ဆက်တည်းမှုတ်စေပါမည်။ ပြီးလျှင် စာသင်ချိန် ၄ တွင် သင်ကြားမည် (Staccato)၏ အဓိပ္ပာယ် ရှင်းပြ၍ ဆရာက နမူနာ မှုတ်ပြပြီး ကလေးများကို နားထောင်စေပါမည်။(၂၅ မိနစ်)

**နိဂုံး**

- အဖွဲ့ နှစ်ဖွဲ့ ဖွဲ့၍ တစ်ဖွဲ့ကို သင်္ကေတအား သီဆိုစေပြီး ကျန်အဖွဲ့က သင်္ကေတကို ကြည့်၍ ပလွေဖြင့် မှုတ်စေပါမည်။ ဤလုပ်ငန်းစဉ်ကို အားလုံး အလှည့်ကျပြောင်းလဲ၍ သီဆိုစေပါမည်။(၁၀ မိနစ်)

အခန်း(၅) အားလုံးလှ

**တေးစာသားကို သီဆိုပြီး ပလွေဖြင့်မှုတ်ကြစို့**

**အသံတို အသံဖြတ်** (Staccato)



ဤသင်္ကေတကိုဖော်ပြသော အစက်ကလေးပါလျှင် လျှာအနေအထားမှန်မှန်ဖြင့် အသံကို အတိုဖြတ်ပြီး မှုတ်ရပါမည်။



၂၄

### သတိပြုရမည့်အချက်များ

- အတန်းရှိ လူဦးရေအပေါ်မူတည်၍ သင့်လျော်သလို အဖွဲ့များ ဖွဲ့ပေးရပါမည်။
- အဖွဲ့လိုက် သီဆိုတီးမှုတ်ရာတွင် ညီညာမှုရှိစေရန် ဆရာက ရိုက်ချက် (Timing) ခေါ်ပေးရပါမည်။ စတင်လေ့ကျင့်ချိန်တွင် ကလေးများညီညာမှန်ကန်စွာ မှုတ်နိုင်စေရန် ဆရာက ရိုက်ချက် (Timing) ဖြည်းညင်းစွာခေါ်၍ မှုတ်စေပါမည်။
- အသက်ရှူသင်္ကေတ (V) နေရာများတွင် မှန်ကန်စွာ အသက်ရှူ၍ မှုတ်တတ်စေရန် ဂရုစိုက်၍ သင်ကြားပေးရပါမည်။
- ဆရာက (Staccato) သင်္ကေတကို နမူနာမှုတ်ပြခြင်းဖြင့် ကလေးများကို သင်ယူလိုစိတ်ဖြစ်စေပါမည်။

### စစ်ဆေးအကဲဖြတ်ချက်

- ဂီတသင်္ကေတကို ကြည့်၍ တေးကဗျာကို ပလွေဖြင့် လက်ပေါက် မှန်ကန်စွာ စည်းဝါးတကျ မှုတ်နိုင်သည်။ (A)
- ဂီတသင်္ကေတကို ကြည့်၍ တေးကဗျာကို ပလွေဖြင့် လက်ပေါက် မှန်ကန်စွာ မှုတ်နိုင်သည်။ (B)
- ဂီတသင်္ကေတကို ကြည့်၍ တေးကဗျာကို ပလွေဖြင့် လက်ပေါက် မှန်ကန်စွာ မမှုတ်နိုင်ပါ။ (C)

DBE Box - Copyright Protected




## သတိပြုရမည့်အချက်များ

- ဆရာက Staccato မပါဝင်သော သင်္ကေတကို တစ်ကြိမ်မှုတ်ပြပြီး Staccato ပါဝင်သော သင်္ကေတကို တစ်ကြိမ်မှုတ်ပြပါက အသံကွဲပြားပုံကို ကလေးများပိုမိုနားလည်နိုင်ပါသည်။
- ကလေးများ လက်ကွက်မှန်ကန်စွာဖြင့် ဖြည်းဖြည်းချင်း မှုတ်နိုင်အောင် ဂရုစိုက်ရပါမည်။
- မှုတ်ရန် အခက်အခဲရှိနိုင်သော ကလေးများကို ဆရာက လေ့ကျင့်ပေးရန် လိုအပ်ပါသည်။

## စစ်ဆေးအကဲဖြတ်ချက်

- Staccato သင်္ကေတ၏ အဓိပ္ပာယ်ကို နားလည်သိရှိပြီး တေးကဗျာတွင် အသုံးချ၍ မှန်ကန်စွာ မှုတ်နိုင်သည်။ (A)
- Staccato သင်္ကေတ၏ အဓိပ္ပာယ်ကို နားလည်သိရှိပြီး တေးကဗျာတွင် အသုံးချ၍ မှုတ်နိုင်သည်။ (B)
- Staccato သင်္ကေတ၏ အဓိပ္ပာယ်ကို နားလည်သိရှိပြီး တေးကဗျာတွင် အသုံးချ၍ မမှုတ်နိုင်ပါ။ (C)

## အခန်း(၅) အားလုံးလှ

**ရည်ရွယ်ချက်** – တေးကဗျာနှင့် ဂီတသင်္ကေတကို အသံနေအသံထားမှန်ကန်စွာ သီဆို၍ ပလွေကို လက်ပေါက်မှန်ကန်စွာဖြင့် သာယာစွာ မှုတ်တတ်ရန်ဖြစ်သည်။ **စာသင်ချိန်** – ၄/၅

### သင်ယူမှုဦးတည်ချက်

Staccato သင်္ကေတ၏ အဓိပ္ပာယ်ကို နားလည်သိရှိပြီး တေးကဗျာတွင် အသုံးချ၍ မှုတ်တတ်ရန်။

### သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ

ကျောင်းသုံးစာအုပ်၊ သင်ထောက်ကူကားချပ်၊ ပလွေ၊ စည်း၊ ဝါး။


### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း**

- တေးကဗျာ၏ သင်္ကေတကို ကြည့်၍ ပလွေဖြင့်ပြန်လည်မှုတ်စေပါမည်။(၅ မိနစ်)

**လုပ်ငန်းစဉ်**

- ဆရာက ကျောင်းသုံးစာအုပ်ရှိ Staccato ပါဝင်သော သင်္ကေတ ၂ ဘားကို ထုတ်နုတ်ပြပြီး Staccato သင်္ကေတမှာ ဂီတသင်္ကေတတွင် အစက်ဖြင့် ဖော်ပြပြီး ဤသင်္ကေတကို မှုတ်ရာတွင် အသံပြတ်ဖြင့် တီးမှုတ်ရကြောင်း၊ မူလသင်္ကေတတန်ဖိုး၏ တစ်ဝက်ခန့်ဖြင့် မှုတ်ရကြောင်းကို ရှင်းပြရပါမည်။
- ဆရာက Staccato ပါဝင်သော ဂီတသင်္ကေတ



ကို မှုတ်ပြပါမည်။
- ထို့နောက်ကလေးများကို ဆရာနှင့်အတူ လိုက်မှုတ်စေပါမည်။ ပြီးလျှင် ကလေးများကိုယ်တိုင် မှုတ်စေပါမည်။
- ထို့နောက် Staccato သင်္ကေတပါသည့် နေရာများကို သတိပြုစေပြီး တေးကဗျာလုံးကို မှုတ်စေပါမည်။(၂၅ မိနစ်)

**နိဂုံး**

- အဖွဲ့ နှစ်ဖွဲ့ ဖွဲ့၍ တစ်ဖွဲ့ကို သင်္ကေတအား သီဆိုစေပြီး ကျန်အဖွဲ့က Staccato သင်္ကေတရှိသည့် နေရာများကို သတိပြု၍ ပလွေဖြင့် မှုတ်စေပါမည်။ ဤလုပ်ငန်းစဉ်ကို အားလုံး အလှည့်ကျပြောင်းလဲ၍ ပြုလုပ်စေပါမည်။(၁၀ မိနစ်)

DBE Box - Copyright Protected

## အခန်း(၅) အားလုံးလှ

**ရည်ရွယ်ချက်** – တေးကဗျာနှင့် ဂီတသင်္ကေတကို အသံနေအသံထား မှန်ကန်စွာ သီဆို၍ ပလွေကို လက်ပေါက်မှန်ကန်စွာဖြင့် သာယာစွာ မှုတ်တတ်ရန်ဖြစ်သည်။ **စာသင်ချိန်** – ၅/၅

### သင်ယူမှုဦးတည်ချက်

တေးကဗျာကို အဖွဲ့လိုက် ကိုယ်ဟန်အမူအရာများ ပြုလုပ်ကာ သီဆိုတီးမှုတ်တတ်ရန်။

### သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ

ကျောင်းသုံးစာအုပ်၊ သင်ထောက်ကူကားချပ်၊ ပလွေ၊ စည်း၊ ဝါး။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း**

- တေးကဗျာတစ်ပုဒ်လုံးကို အစမှအဆုံးထိ ပြန်လည်လေ့ကျင့်မှုတ်စေပါမည်။ အသံတို အသံပြတ် သင်္ကေတများ (Staccato) ရှိသည့်နေရာများတွင် သတိထား၍ မှန်ကန်စွာ မှုတ်စေပါမည်။ (၅ မိနစ်)

**လုပ်ငန်းစဉ်**

- ဆရာက တေးကဗျာ၏ အဓိပ္ပာယ်နှင့် လိုက်ဖက်သော ဟန်အမူအရာများကို အဖွဲ့လိုက် စဉ်းစားပြီး ခံစားသရုပ်ဖော် သီဆိုတီးမှုတ်ရမည်ဖြစ်ကြောင်း ရှင်းပြမည်။
- အတန်းရှိကလေးအရေအတွက်ပေါ်မူတည်၍ သင့်လျော်သလို အဖွဲ့များဖွဲ့ရပါမည်။
- အဖွဲ့အလိုက် မိမိတို့ပြုလုပ်လိုသော သရုပ်ဖော်ပုံများကို ဆွေးနွေးတိုင်ပင်စေပါမည်။ အဖွဲ့တိုင်းတွင် သီချင်းဆိုပြီးသရုပ်ဖော်မည့်သူ၊ ပလွေမှုတ်မည့်သူများကို ကလေးများကိုယ်တိုင် သတ်မှတ်စေပါမည်။ အဖွဲ့တိုင်းကို ပလွေမှုတ်ခြင်းနှင့် သရုပ်ဖော်ခြင်း တို့ကို တစ်လှည့်စီလေ့ကျင့်စေပါမည်။
- အဖွဲ့လိုက် စည်းချက်ညီညီ သရုပ်ဖော်၍ သီဆိုတီးမှုတ်နိုင်ရန် ဆရာက အချိန်သတ်မှတ်ပေးပြီး လေ့ကျင့်စေပါမည်။ (၂၅ မိနစ်)

**နိဂုံး**

- အဖွဲ့တစ်ဖွဲ့ချင်းစီကို သရုပ်ဖော်သီဆိုတီးမှုတ်စေပါမည်။ တစ်ဖွဲ့က သီဆိုသရုပ်ဖော်တီးမှုတ်နေချိန်တွင် ဆရာနှင့် ကျန်အဖွဲ့များက လေးချက်စည်းဖြင့် လိုက်စေပါမည်။(၁၀ မိနစ်)



**တေးကဗျာကို အဖွဲ့လိုက် သီဆိုတီးမှုတ် သရုပ်ဖော်ကြစို့**








### သတိပြုရမည့်အချက်များ

- Staccato သင်္ကေတများကို သတိပြု၍ အဖွဲ့လိုက်လေ့ကျင့်စေပါမည်။
- ကလေးများ ဆွေးနွေးတိုင်ပင်ချိန်တွင် လိုအပ်ပါက ဆရာက ကူညီပေးရပါမည်။
- သရုပ်ဖော်ရာတွင် ခံစားချက်ထည့်ပြီး သရုပ်ဖော်နိုင်ရန်အတွက် ဆရာက အကြံပြုပေးရပါမည်။
- ကလေးများ၏ ကြိုးစားသရုပ်ဖော်မှုများကို ဆရာက ချီးကျူးစကားပြောပေးရပါမည်။

### စစ်ဆေးအကဲဖြတ်ချက်

- တေးကဗျာကို အဖွဲ့လိုက် ကိုယ်ဟန်အမူအရာများ ပြုလုပ်ကာ တေးကဗျာ၏ အဓိပ္ပာယ်ကို ပိုမိုပေါ်လွင်အောင် သီဆိုတီးမှုတ်နိုင်သည်။ (A)
- တေးကဗျာကို အဖွဲ့လိုက် ကိုယ်ဟန်အမူအရာများ ပြုလုပ်ကာ သီဆိုတီးမှုတ်နိုင်သည်။ (B)
- တေးကဗျာကို အဖွဲ့လိုက် ကိုယ်ဟန်အမူအရာများ ပြုလုပ်ကာ သီဆိုတီးမှုတ်နိုင်ခြင်း မပြုလုပ်နိုင်ပါ။ (C)

DBE Box - Copyright Protected

# သင်ကြားမှုအစီအစဉ်နှင့် ဆရာလမ်းညွှန်

## ၂.၆။ အခန်း(၆) ငြိမ်းချမ်းတဲ့ မြန်မာပြည်

တတိယတန်း (ဇန်နဝါရီလ ဒုတိယပတ် မှ ဖေဖော်ဝါရီလ ဒုတိယပတ်အထိ)

| | |
|---|---|
| သင်ခန်းစာခေါင်းစဉ် | ငြိမ်းချမ်းတဲ့ မြန်မာပြည် |
| ရည်ရွယ်ချက် | တေးကဗျာနှင့် ဂီတသင်္ကေတကို အသံနေအသံထား မှန်ကန်စွာ သီဆို၍ ပလွေကို လက်ပေါက်မှန်ကန်စွာဖြင့် သာယာစွာ မှုတ်တတ်ရန်ဖြစ်သည်။ |
| သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ | ကျောင်းသုံးစာအုပ်၊ သင်ထောက်ကူကားချပ်များ (Slur - မိတ်ဖက်တေးသံစဉ်နှစ်ခုပါသော Flash Card)၊ စည်း၊ ဝါး။ |
| သင်ကြားမည့် အကြောင်းအရာ | - တေးကဗျာ နှင့် ဂီတသင်္ကေတကို အသံနေအသံထား မှန်ကန်စွာဖြင့် စိတ်ရောကိုယ်ပါ သီဆိုမည်။<br>- ဂီတသင်္ကေတကို သီဆိုပြီး တေးကဗျာကို လက်ပေါက်မှန်ကန်စွာဖြင့် သာယာစွာ ပလွေဖြင့် မှုတ်မည်။<br>- (Slur) သင်္ကေတ တီးမှုတ်ပုံကို လေ့ကျင့်ပြီး မိတ်ဖက်သံစဉ်နှစ်ခုကို တစ်ထပ်တည်းမှုတ်နိုင်ရန် လေ့ကျင့်မည်။<br>- အဖွဲ့လိုက် စည်းဝါးတကျ ပလွေမှုတ်ပြီး ကိုယ်ဟန်အမူအရာပြုလုပ်ကာ ပေါင်းစပ်သီဆိုမည်။<br>ဤသင်ခန်းစာတွင် (Slur) သင်္ကေတ တီးမှုတ်ပုံကို လေ့ကျင့်ပြီး မိတ်ဖက်သံစဉ်နှစ်ခုကို တစ်ထပ်တည်း မှုတ်နိုင်ရန် လေ့ကျင့်မည်။ စာသင်ချိန် (၁)တွင် သီချင်းစာသားနှင့် ဂီတသင်္ကေတကို အသံနေအသံထား မှန်ကန်စွာသီဆိုမည်။ စာသင်ချိန် (၂)နှင့် (၃)တွင် ဂီတသင်္ကေတကို သီဆိုပြီး လက်ပေါက်မှန်ကန်စွာဖြင့် ပလွေမှုတ်မည်။ စာသင်ချိန် (၄)တွင် အသံဆက်သင်္ကေတ (Slur) သင်္ကေတကို နားလည်သိရှိကာ ပလွေဖြင့် မှုတ်နိုင်ရန် လေ့ကျင့်ပြီး၊ မိတ်ဖက်သံစဉ်နှစ်ခုကို တစ်ထပ်တည်း မှုတ်နိုင်ရန် လေ့ကျင့်မည်။ စာသင်ချိန် (၅)တွင် အဖွဲ့လိုက် သီဆိုတီးမှုတ်၍ သရုပ်ဖော်မည်။ |
| စုစုပေါင်းသင်ကြားချိန် | စာသင်ချိန် (၅) ချိန် |

| စာသင်ချိန် | သင်ယူမှုဦးတည်ချက် | စစ်ဆေးအကဲဖြတ်ချက် (သင့်အဆင့်) |
|---|---|---|
| ၁။ | တေးကဗျာနှင့် ဂီတသင်္ကေတကို စည်းဝါးတကျ စိတ်ရောကိုယ်ပါ သီဆိုတတ်ရန်။ | တေးကဗျာနှင့် ဂီတသင်္ကေတကို စည်းဝါးတကျ စိတ်ရောကိုယ်ပါ သီဆိုနိုင်သည်။ |
| ၂။ | ဂီတသင်္ကေတကို ကြည့်၍ ပလွေဖြင့် ပျော်ရွှင်စွာ မှုတ်တတ်ရန်။ | ဂီတသင်္ကေတကို ကြည့်၍ ပလွေဖြင့် ပျော်ရွှင်စွာ မှုတ်နိုင်သည်။ |
| ၃။ | ဂီတသင်္ကေတကို ကြည့်၍ တေးကဗျာကို ပလွေဖြင့် လက်ပေါက်မှန်ကန်စွာ မှုတ်တတ်ရန်။ | ဂီတသင်္ကေတကို ကြည့်၍ တေးကဗျာကို ပလွေဖြင့် လက်ပေါက်မှန်ကန်စွာ မှုတ်နိုင်သည်။ |
| ၄။ | အသံဆက်သင်္ကေတ (Slur) မှုတ်ခြင်းနှင့် မိတ်ဖက်သံစဉ်နှစ်ခု တစ်ထပ်တည်းကျအောင်မှုတ်တတ်ရန်။ | အသံဆက်သင်္ကေတ (Slur) မှုတ်ခြင်းနှင့် မိတ်ဖက်သံစဉ်နှစ်ခုတစ်ထပ်တည်းကျအောင်မှုတ်ခြင်းကို ပြုလုပ်နိုင်သည်။ |
| ၅။ | တေးကဗျာ၏ အဆုံးရှိသံစဉ်အနှေးအမြန် (Tempo)ကို ပြောင်းလဲ၍ တေးကဗျာနှင့် ကိုက်ညီသော အမူအရာများပြုလုပ်ကာ သီဆိုတီးမှုတ်တတ်ရန်။ | တေးကဗျာ၏ အဆုံးရှိသံစဉ်အနှေးအမြန် (Tempo) ကို ပြောင်းလဲ၍ တေးကဗျာနှင့် ကိုက်ညီသော အမူအရာများ ပြုလုပ်ကာ သီဆိုတီးမှုတ်နိုင်သည်။ |

DBE Box - Copyright Protected

## အခန်း(၆) ငြိမ်းချမ်းတဲ့ မြန်မာပြည်

**ရည်ရွယ်ချက်** – တေးကဗျာနှင့် ဂီတသင်္ကေတကို အသံနေအသံထား မှန်ကန်စွာ သီဆို၍ ပလွေကို လက်ပေါက်မှန်ကန်စွာဖြင့် သာယာစွာ မှုတ်တတ်ရန်ဖြစ်သည်။ **စာသင်ချိန်** – ၁/၅

**သင်ယူမှုဦးတည်ချက်**

တေးကဗျာနှင့် ဂီတသင်္ကေတကို စည်းဝါးတကျ စိတ်ရောကိုယ်ပါ သီဆိုတတ်ရန်။

**သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ**

ကျောင်းသုံးစာအုပ်၊ သင်ထောက်ကူကားချပ်၊ စည်း၊ ဝါး။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း**


- 'မြန်မာနိုင်ငံမှာ ဘယ်တိုင်းရင်းသားတွေ နေထိုင်ကြသလဲ။ ကလေးတို့ သိသလောက်ပြောပြပါ' ဟုမေး၍ အစပျိုးပါမည်။ ကလေး သုံးလေးဦးခန့် ဖြေဆိုပါစေ။ ထို့နောက် ဆရာက ဖြည့်စွက်၍ ရှင်းပြပါမည်။(၅ မိနစ်)

**လုပ်ငန်းစဉ်**

- 'မြန်မာနိုင်ငံမှာ တိုင်းရင်းသားပေါင်းစုံ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ အတူယှဉ်တွဲနေထိုင်ကြတဲ့အကြောင်း ရေးစပ်ထားတဲ့ တေးကဗျာလေးကို ဒီနေ့ သင်ပေးမယ်နော်'ဟု ဆရာကပြောပြီး ကလေးများ ကောင်းစွာ နားလည်စေရန် စာသားအဓိပ္ပာယ်ကို ရှင်းပြရပါမည်။
- ထို့နောက် သင်ထောက်ကူကားချပ် သို့မဟုတ် ကျောင်းသုံးစာအုပ်ကိုပြ၍ ဆရာက တေးကဗျာကို အသံနေအသံထား မှန်ကန်စွာဆိုပြပြီး ကလေးများကို နားထောင်စေပါမည်။
- တေးကဗျာ၏ တစ်ကြောင်းချင်းစီကို ဆရာဆိုပြသည့်အတိုင်း ကလေးများကို လိုက်ဆိုစေပြီးနောက် အစမှအဆုံးထိ ဆရာနှင့်အတူ သီဆိုစေပါမည်။
- ဆရာက စည်းဝါးတီးပေး၍ ကလေးများ ကိုယ်တိုင်စိတ်ရောကိုယ်ပါ ပျော်ရွှင်စွာ သီဆိုစေပါမည်။
- ဆရာက တေးကဗျာ၏ ဂီတသင်္ကေတကို လေးချက်စည်းဖြင့် အစအဆုံးသီဆိုပြီး ကလေးများကို နားထောင်စေပါမည်။
- ဆရာက ပထမလေးဘားကို သီဆိုပြပြီး ကလေးများကို လိုက်ဆိုစေပါမည်။ ထို့နောက် ဆရာနှင့်အတူ ပထမလေးဘားကို သီဆိုစေပါမည်။
- အထက်ပါနည်းအတိုင်း လေးဘားချင်းစီကို သီချင်းဆုံးသည် အထိဆက်၍ သီဆိုစေပြီး ၂၄ ဘားအထိရလျှင် အစမှအဆုံးထိ လေးချက်စည်းဖြင့်ဆရာနှင့်အတူ စိတ်ရောကိုယ်ပါ ပျော်ပျော်ရွှင်ရွှင်ဖြင့် သီဆိုစေပါမည်။
- ထို့နောက် ကလေးများကိုယ်တိုင် တေးကဗျာ အစမှအဆုံးထိ လေးချက်စည်းဖြင့် သင်္ကေတကို သီဆိုစေပါမည်။(၂၅ မိနစ်)

**နိဂုံး**

- အဖွဲ့နှစ်ဖွဲ့ဖွဲ့၍ ပထမအဖွဲ့ကို သီချင်းစာသား သီဆိုစေပြီး ဒုတိယအဖွဲ့က စည်းဝါးတီးသည့်ဟန် ပြုလုပ်စေပါမည်။ ထို့နောက်ဒုတိယအဖွဲ့က သင်္ကေတကို သီဆိုစေပြီး ပထမအဖွဲ့ကို လက်ခုပ်ရိုက်ချက် ပြုလုပ်စေပါမည်။ ဤလုပ်ငန်းစဉ်ကို အားလုံးအလှည့်ကျပြောင်းလဲ၍ သီဆိုစေပါမည်။(၁၀ မိနစ်)




LBE Box - Copyright Protected

### သတိပြုရမည့်အချက်များ

- စည်းအသံနေရာတွင် လက်ဖျစ်တီး၍ ဝါးအသံနေရာတွင် ခုံပုတ်ခြင်း လက်ခုပ်တီးခြင်းတို့ကို ပြုလုပ်ရန်ဖြစ်သည်။
- ကလေးများကို လက်ဖျစ်တီးခြင်း၊ ခုံပုတ်ခြင်း သို့မဟုတ် လက်ခုပ်တီးခြင်းတို့ကို ညင်သာစွာ ပြုလုပ်စေ၍ လက်ဖျစ်တီးရာတွင် အသံမမြည်လျှင်လည်း ရပါသည်။
- သင်္ကေတ သင်ကြားသည့်အခါ သင်ထောက်ကူကားချပ်ကို အသုံးပြု၍ သင်ကြားလျှင်ပို၍ ထိရောက်နိုင်ပါသည်။
- သင်္ကေတတန်ဖိုးအတိုင်း မှန်ကန်စွာ သီဆိုနိုင်ရန် စည်းချက်တစ်ချက်ချင်းစီကို ထောက်ပြ၍ ဆိုပြရပါမည်။
- ရိုက်ချက် (Timing) ခေါ်ပေးရာတွင် ကလေးများလိုက်ဆိုနိုင်ရန် ဆရာကဂရုစိုက်၍ ဖြည်းဖြည်းနှင့် မှန်မှန်ခေါ်ပေးရပါမည်။

### စစ်ဆေးအကဲဖြတ်ချက်

- တေးကဗျာနှင့် ဂီတသင်္ကေတကို အသံနေအသံထားမှန်ကန်စွာဖြင့် စည်းဝါးတကျ စိတ်ရောကိုယ်ပါ သီဆိုနိုင်သည်။ (A)
- တေးကဗျာနှင့် ဂီတသင်္ကေတကို စည်းဝါးတကျ စိတ်ရောကိုယ်ပါ သီဆိုနိုင်သည်။ (B)
- တေးကဗျာနှင့် ဂီတသင်္ကေတကို စည်းဝါးတကျ မသီဆိုနိုင်ပါ။ (C)




# အခန်း(၆) ငြိမ်းချမ်းတဲ့ မြန်မာပြည်

**ရည်ရွယ်ချက်** – တေးကဗျာနှင့် ဂီတသင်္ကေတကို အသံနေအသံထား မှန်ကန်စွာ သီဆို၍ ပလွေကို လက်ပေါက်မှန်ကန်စွာဖြင့် သာယာစွာ မှုတ်တတ်ရန်ဖြစ်သည်။ **စာသင်ချိန်** – ၂/၅

## သင်ယူမှုဦးတည်ချက်

ဂီတသင်္ကေတကို ကြည့်၍ ပလွေဖြင့် ပျော်ရွှင်စွာ မှုတ်တတ်ရန်။ (ဘား ၁ မှ ဘား ၈ အထိ)

## သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ

ကျောင်းသုံးစာအုပ်၊ သင်ထောက်ကူကားချပ်၊ ပလွေ၊ စည်း၊ ဝါး။

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း**

- စာသင်ချိန် (၁) တွင် သင်ကြားခဲ့သော 'ငြိမ်းချမ်းတဲ့ မြန်မာပြည်' တေးကဗျာ၏ သင်္ကေတကို လေးချက်စည်း ရိုက်ချက်ဖြင့် ပြန်လည်လေ့ကျင့် သီဆိုစေပါမည်။(၅ မိနစ်)

**လုပ်ငန်းစဉ်**

- ဆရာက 'ငြိမ်းချမ်းတဲ့ မြန်မာပြည်'တေးကဗျာ၏ သင်္ကေတများကို ပြ၍ တေးကဗျာ အစမှအဆုံးထိ မှုတ်ပြပါမည်။
- ထို့နောက် ဆရာက ဘား (၁) မှ ဘား (၄) အထိ ဖြည်းညင်းစွာ မှုတ်ပြပြီး ကလေးများကို နားထောင်စေပါမည်။
- ထို့နောက် ကလေးများကို တစ်ဘားချင်းစီအား ပလွေလက်ပေါက် မှန်ကန်စွာဖွင့်စေပြီး နှုတ်မှသင်္ကေတကို သီဆိုစေပါမည်။
- ထိုလုပ်ငန်းစဉ်ကို နှစ်ယောက်တစ်တွဲစီတွဲ၍ သင်္ကေတကို နှုတ်မှရွတ်ဆိုစေပြီး လက်ပေါက်မှန် မမှန် ကို အချင်းချင်း ကြည့်ရှုစေပါမည်။ အချင်းချင်း ကူညီ၍ ပြင်ပေးစေပါမည်။
- လေးဘားအထိရပါက ဆရာနှင့်အတူ သင်္ကေတကို လက်ပေါက် အဖွင့်အပိတ် မှန်ကန်စေရန် ဂရုစိုက်၍ မှုတ်စေပါမည်။
- ကလေးများကိုယ်တိုင် မှုတ်စေပါမည်။
- အထက်ပါနည်းအတိုင်း ဘား (၅) မှ ဘား (၈) အထိဆက်လက် သင်ကြားပေးရပါမည်။
- ဘား (၁) မှ ဘား (၈) အထိ ဆရာက မှုတ်ပြ၍ ကလေးများကို လိုက်မှုတ်စေပါမည်။
- ကလေးများကိုယ်တိုင် ဘား (၁) မှ ဘား (၈) အထိ ပေါင်း၍ တစ်ဆက်တည်း လေ့ကျင့်စေပါမည်။(၂၅ မိနစ်)


**နိဂုံး**

- အဖွဲ့ဖွဲ့၍သော်လည်းကောင်း၊ နှစ်ယောက်တစ်တွဲစီ တွဲ၍ သော်လည်းကောင်း 'ငြိမ်းချမ်းတဲ့မြန်မာပြည်' တေးကဗျာ၏ ၈ ဘားချင်းစီကို မှုတ်စေပါမည်။(၁၀ မိနစ်)

## သတိပြုရမည့်အချက်များ

- ကလေးများလက်ကွက်မှန်ကန်စွာဖြင့် ဖြည်းဖြည်းချင်းမှုတ်နိုင် အောင် ဆရာက ဂရုစိုက်၍ သင်ကြားပေးရပါမည်။
- အသက်ရှူသင်္ကေတ (V) နေရာများတွင် မှန်ကန်စွာအသက်ရှူ၍ မှုတ်တတ်စေရန် ဂရုစိုက်၍ သင်ကြားပေးရပါမည်။
- စူးရှသော အသံထွက်များမထွက်စေရန် သင်္ကေတကို ကြည့်၍ အသံအပြင်းအပျော့ မှန်ကန်စေရန် လေကိုထိန်း၍ မှုတ်စေပါမည်။
- အသံရှည်ကို သတိပြု၍ လျှာအနေအထားမှန်မှန်ဖြင့် မှုတ်နိုင် ရန် လေ့ကျင့်ပေးရပါမည်။

ဥပမာ-




## စစ်ဆေးအကဲဖြတ်ချက်

- ဂီတသင်္ကေတကို ကြည့်၍ ပလွေဖြင့် စည်းဝါးတကျ ပျော်ရွှင်စွာ မှုတ်နိုင်သည်။ (A)
- ဂီတသင်္ကေတကို ကြည့်၍ ပလွေဖြင့် ပျော်ရွှင်စွာ မှုတ်နိုင်သည်။ (B)
- ဂီတသင်္ကေတကို ကြည့်၍ ပလွေဖြင့် ပျော်ရွှင်စွာ မမှုတ်နိုင်ပါ။ (C)

DBE Box - Copyright Protected

## အခန်း(၆) ငြိမ်းချမ်းတဲ့ မြန်မာပြည်

**ရည်ရွယ်ချက်** – တေးကဗျာနှင့် ဂီတသင်္ကေတကို အသံနေအသံထား မှန်ကန်စွာ သီဆို၍ ပလွေကို လက်ပေါက်မှန်ကန်စွာဖြင့် သာယာစွာ မှုတ်တတ်ရန်ဖြစ်သည်။ **စာသင်ချိန်** – ၃/၅

### သင်ယူမှုဦးတည်ချက်

ဂီတသင်္ကေတကို ကြည့်၍ တေးကဗျာကို ပလွေဖြင့် လက်ပေါက် မှန်ကန်စွာ မှုတ်တတ်ရန်။

### သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ

ကျောင်းသုံးစာအုပ်၊ သင်ထောက်ကူကားချပ်၊ ပလွေ၊ စည်း၊ ဝါး။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း**


- စာသင်ချိန် (၂)တွင် သင်ကြားခဲ့သော ပထမ ၈ ဘားကို ပြန်လည်လေ့ကျင့်စေပါမည်။(၅ မိနစ်)

**လုပ်ငန်းစဉ်**

- ဆရာက ဘား(၉)မှ ဘား(၁၂)အထိ ဖြည်းညင်းစွာ မှုတ်ပြပြီး ကလေးများကို နားထောင်စေပါမည်။
- ကလေးများကို တစ်ဘားချင်းစီအား ပလွေလက်ပေါက် မှန်ကန်စွာ ဖွင့်စေပြီး နှုတ်မှ သင်္ကေတကို သီဆိုစေပါမည်။
- ထိုလုပ်ငန်းစဉ်ကို နှစ်ယောက်တစ်တွဲစီတွဲ၍ သင်္ကေတကိုနှုတ်မှ ရွတ်ဆိုစေပြီး လက်ပေါက်မှန် မမှန်ကို အချင်းချင်း ကြည့်ရှုစေပါမည်။ မှားနေပါက အချင်းချင်းကူညီ၍ ပြင်ပေးစေပါမည်။
- (၉)ဘားမှ (၁၂)ဘားအထိ ရပါက ဆရာနှင့်အတူ သင်္ကေတကို လက်ပေါက်အဖွင့်အပိတ်မှန်ကန်စေရန် ဂရုစိုက်၍ မှုတ်စေပါမည်။ ပြီးလျှင် ကလေးများကိုယ်တိုင် မှုတ်စေပါမည်။
- အထက်ပါနည်းအတိုင်း ဘား(၁၃)မှ ဘား(၁၆)အထိဆက်လက် သင်ကြားပေးရပါမည်။
- ပြီးလျှင် ဘား(၁)မှ ဘား(၁၆) အထိ ဆရာက မှုတ်ပြ၍ကလေးများကို လိုက်မှုတ်စေပါမည်။ ပြီးလျှင် ကလေးများကိုယ်တိုင် ဘား(၁)မှ ဘား(၁၆)အထိ တစ်ဆက်တည်းမှုတ်စေပါမည်။ ဘား (၁၇)မှ ဘား(၂၄)အထိသည် ဘား (၁)မှ ဘား (၈)အထိ၏ သင်္ကေတနှင့် သံစဉ်အတူတူပင်ဖြစ်သည်။(၂၅ မိနစ်)

**နိဂုံး**

- အဖွဲ့ နှစ်ဖွဲ့ ဖွဲ့၍ တစ်ဖွဲ့ကို သင်္ကေတအား သီဆိုစေပြီး ကျန်အဖွဲ့က သင်္ကေတကို ကြည့်၍ ပလွေဖြင့် မှုတ်စေပါမည်။ ဤလုပ်ငန်းစဉ်ကို အားလုံး အလှည့်ကျပြောင်းလဲ၍ သီဆိုစေပါမည်။(၁၀ မိနစ်)


အခန်း(၆) ငြိမ်းချမ်းတဲ့ မြန်မာပြည်

**တေးကဗျာကို ပလွေဖြင့်မှုတ်ကြစို့**



၂၈


### သတိပြုရမည့်အချက်များ

- ဆရာက မှုတ်ပြသည့်အခါ လျှာအနေအထားမှန်ကန်သော အသံထွက်ကို ကလေးများသတိပြုစေရန် ဂရုစိုက်၍ မှုတ်ပြရပါမည်။
- ဆရာက မှုတ်ပြသော ပလွေအသံကို သင်္ကေတကြည့်၍ လက်ပေါက် အဖွင့်အပိတ် လိုက်လံလုပ်ဆောင်စေရပါမည်။
- အဖွဲ့လိုက်သီဆိုတီးမှုတ်ရာတွင် ခေါင်းဆောင်တစ်ဦးရွေးချယ်၍ ထိုခေါင်းဆောင်မှ(Timing)ခေါ် ပေးရပါမည်။ အထူးသဖြင့် ပလွေမှုတ်ရန် အခက်အခဲရှိသည့် ကျောင်းသားအား ပါဝင်လုပ်ဆောင်နိုင်ရန် ခေါင်းဆောင်အဖြစ် ရွေးချယ်ပေးရပါမည်။
- တစ်ယောက်ချင်းစီ၏ လက်ပေါက်မှန်ကန်မှု ရှိ မရှိကို လှည့်လည်ကြည့်ရှု၍ လိုအပ်ပါက ပြုပြင်ပေးရပါမည်။
- ကျောင်းသားအားလုံး ညီညာမှန်ကန်စွာ မှုတ်နိုင်စေရန် ဆရာက (Timing)ကို ဖြည်းညင်းစွာခေါ်၍ မှုတ်စေပါမည်။
- စူးရှသော အသံထွက်များမထွက်စေရန် သင်္ကေတကို ကြည့်၍ အသံအပြင်းအပျော့ မှန်ကန်စေရန် လေကိုထိန်း၍ မှုတ်စေပါမည်။

### စစ်ဆေးအကဲဖြတ်ချက်

- ဂီတသင်္ကေတကို ကြည့်၍ တေးကဗျာကို ပလွေဖြင့် လက်ပေါက် မှန်ကန်စွာ စည်းဝါးတကျ မှုတ်နိုင်သည်။ (A)
- ဂီတသင်္ကေတကို ကြည့်၍ တေးကဗျာကို ပလွေဖြင့် လက်ပေါက် မှန်ကန်စွာ မှုတ်နိုင်သည်။ (B)
- ဂီတသင်္ကေတကို ကြည့်၍ တေးကဗျာကို ပလွေဖြင့် လက်ပေါက် မှန်ကန်စွာ မမှုတ်နိုင်ပါ။ (C)

DBE Box Copyright Protected



အခန်း(၆) ငြိမ်းချမ်းတဲ့ မြန်မာပြည်

**အသံဆက် သင်္ကေတ (Slur) ကို တစ်ဆက်တည်း မှုတ်ကြစို့**

ဤသင်္ကေတ ‿ ပါသော အသံနှစ်သံကို တစ်ဆက်တည်းချောမွေ့စွာ မှုတ်ရပါမည်။

**မိတ်ဖက် တေးသံစဉ်နှစ်ခုကို တစ်ထပ်တည်းကျအောင် မှုတ်ကြစို့**



၂၉

## သတိပြုရမည့်အချက်များ

- Slur မပါဘဲ တစ်ကြိမ် Slur ထည့်၍ တစ်ကြိမ်မှုတ်ပြခြင်းဖြင့် အသံနှစ်ခုကွဲပြားပုံကို ကလေးများ ပိုမိုနားလည်နိုင်ပါသည်။
- Slur ကိုမှုတ်ရာ၌ လျှာမသုံးဘဲ တစ်ဆက်တည်း မှုတ်ရန် ဂရုစိုက်၍ လေ့ကျင့်သင်ကြားပေးရပါမည်။
- ကလေးများ လက်ကွက်မှန်ကန်စွာဖြင့် ဖြည်းဖြည်းချင်း မှုတ်နိုင်အောင် ဂရုစိုက်ရပါမည်။
- သံစဉ်နှစ်ခုမှုတ်ရာတွင် တစ်ထပ်တည်းကျအောင် မှုတ်ရန်ဂရုစိုက်ပေးရပါမည်။
- ကလေးများကို အသံတစ်ထပ်တည်း အတိအကျရအောင် မှုတ်စေခြင်းထက် သံစဉ်နှစ်ခုကို အတူမှုတ်ခြင်းဖြင့်ပျော်ရွှင်မှု ရစေပါမည်။
- မှုတ်ရန် အခက်အခဲရှိနိုင်သော ကလေးများကို ဆရာက လေ့ကျင့်ပေးရန် လိုအပ်ပါသည်။

## စစ်ဆေးအကဲဖြတ်ချက်

- အသံဆက်သင်္ကေတ (Slur) မှုတ်ခြင်းနှင့် မိတ်ဖက်သံစဉ်နှစ်ခု တစ်ထပ်တည်းကျအောင် မှုတ်ခြင်းကို မှန်ကန်စွာ ပြုလုပ်နိုင်သည်။ (A)
- အသံဆက်သင်္ကေတ (Slur) မှုတ်ခြင်းနှင့် မိတ်ဖက်သံစဉ်နှစ်ခု တစ်ထပ်တည်းကျအောင်မှုတ်ခြင်းကို ပြုလုပ်နိုင်သည်။ (B)
- အသံဆက်သင်္ကေတ (Slur) မှုတ်ခြင်းနှင့် မိတ်ဖက်သံစဉ်နှစ်ခု တစ်ထပ်တည်းကျအောင်မှုတ်ခြင်းကို မပြုလုပ်နိုင်ပါ။ (C)

## အခန်း(၆) ငြိမ်းချမ်းတဲ့ မြန်မာပြည်

**ရည်ရွယ်ချက်** – တေးကဗျာနှင့် ဂီတသင်္ကေတကို အသံနေအသံထား မှန်ကန်စွာ သီဆို၍ ပလွေကို လက်ပေါက်မှန်ကန်စွာဖြင့် သာယာစွာ မှုတ်တတ်ရန်ဖြစ်သည်။ **စာသင်ချိန်** – ၄/၅

### သင်ယူမှုဦးတည်ချက်

အသံဆက်သင်္ကေတ (Slur) မှုတ်ခြင်းနှင့် မိတ်ဖက်သံစဉ်နှစ်ခု တစ်ထပ်တည်းကျအောင် မှုတ်တတ်ရန်။

### သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ

ကျောင်းသုံးစာအုပ်၊ သင်ထောက်ကူကားချပ်၊ ပလွေ၊ စည်း၊ ဝါး။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း**

- စာသင်ချိန် (၃)တွင် သင်ကြားခဲ့သော ပလွေသင်ခန်းစာကို ပြန်လည်လေ့ကျင့်စေပါမည်။(၅ မိနစ်)

**လုပ်ငန်းစဉ်**

- ဆရာက အသံဆက်သင်္ကေတ (Slur)ပါဝင်သော သင်္ကေတဘားများကို ထုတ်နုတ်ပြပါမည်။ ဂီတသင်္ကေတ၏ အပေါ်သို့မဟုတ် အောက်ဘက်တွင်ပါသော မျဉ်းကွေးကို Slurဟုခေါ်ပါသည်။
- အသံဆက်သင်္ကေတ (Slur) မှာ မျဉ်းကွေး၏ အစအသံမှ အဆုံးအသံအထိ လျှာကို မသုံးဘဲ တစ်ဆက်တည်း ပြေပြစ်စွာ မှုတ်ရခြင်း ဖြစ်သည်။
- ဆရာက အသံဆက်သင်္ကေတ (Slur) မပါဘဲတစ်ကြိမ်၊ Slur ထည့်၍ တစ်ကြိမ် မှုတ်ပြပြီး ကလေးများကို နားထောင်စေပါမည်။ Slur သင်္ကေတပါသော နေရာများအား ကလေးများကို ရှာစေပါမည်။
- ကလေးများတွေ့ရှိသော Slur ပါဝင်သောဂီတသင်္ကေတများအား လျှာကို မသုံးဘဲ တစ်ဆက်တည်းပြေပြစ်စွာ ဆရာနှင့်အတူမှုတ်စေပါမည်။
- ထို့နောက် Slur ရှိသည့်နေရာများကို ဂရုစိုက်၍ တေးကဗျာတစ်ပုဒ်လုံးကို မှုတ်စေပါမည်။
- သံစဉ်နှစ်ခုကို တစ်ထပ်တည်းကျစေရန် မည်သို့ မှုတ်ရမည်ကို ရှင်းပြပြီး နောက်ဆုံးလေးဘားဖြစ်သော ပထမသံစဉ်နှင့်ဒုတိယသံစဉ်ကို ဆရာက မှုတ်ပြပါမည်။ ဒုတိယသံစဉ်ကို ဆရာနှင့်အတူ ကလေးများကို လိုက်မှုတ်စေပါမည်။
- ဆရာက ကလေးတစ်ယောက်ကိုအတန်းရှေ့သို့ခေါ်၍ ဆရာနှင့်အတူသံစဉ်နှစ်ခုအား အပြန်အလှန်မှုတ်ပြပါမည်။
- အုပ်စုအတွင်း ပထမသံစဉ်နှင့် ဒုတိယသံစဉ် မှုတ်မည့်သူများကို ဆရာက သတ်မှတ်ပေးပြီး အပြန်အလှန် တစ်ထပ်တည်းကျအောင် မှုတ်စေပါမည်။(၂၅ မိနစ်)

**နိဂုံး**

- အဖွဲ့ နှစ်ဖွဲ့ ဖွဲ့၍ ဘား (၁) မှ ဘား (၂၀)အထိ အတူတူမှုတ်စေပြီး ဘား(၂၁) မှ ဘား (၂၄) အထိကို ပထမသံစဉ်နှင့် ဒုတိယသံစဉ်တစ်ထပ်တည်းကျအောင် မှုတ်စေပါမည်။ ဤလုပ်ငန်းစဉ်ကို အားလုံးအလှည့်ကျ ပြုလုပ်စေပါမည်။ (၁၀ မိနစ်)

DBE Box - Copyright Protected

## အခန်း(၆) ငြိမ်းချမ်းတဲ့ မြန်မာပြည်

**ရည်ရွယ်ချက်** – တေးကဗျာနှင့် ဂီတသင်္ကေတကို အသံနေအသံထား မှန်ကန်စွာ သီဆို၍ ပလွေကို လက်ပေါက်မှန်ကန်စွာဖြင့် သာယာစွာ မှုတ်တတ်ရန်ဖြစ်သည်။ **စာသင်ချိန်** – ၅/၅

### သင်ယူမှုဦးတည်ချက်

တေးကဗျာ၏ အဆုံးရှိသံစဉ်အနှေးအမြန် (Tempo)ကို ပြောင်းလဲ၍ တေးကဗျာနှင့် ကိုက်ညီသော အမူအရာများပြုလုပ်ကာ သီဆိုတီးမှုတ်တတ်ရန်။

### သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ

ကျောင်းသုံးစာအုပ်၊ သင်ထောက်ကူကားချပ်၊ ပလွေ၊ စည်း၊ ဝါး။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း**

- စာသင်ချိန် (၄)ရှိ အသံဆက်သင်္ကေတ (Slur) မှုတ်ခြင်းနှင့် သံစဉ်နှစ်ခုကို တစ်ထပ်တည်းကျအောင်မှုတ်ခြင်းတို့ကို ပြန်လည် လေ့ကျင့်စေပါမည်။
- အဖွဲ့လိုက် အမူအရာပြုလုပ်ပြီး တေးကဗျာနောက်ဆုံးအပိုင်း၏ သံစဉ်အနှေးအမြန်(Tempo) ကို တီထွင်ဖန်တီးပြီး သီဆိုတီးမှုတ်ရမည်ဖြစ်ကြောင်းကို ရှင်းပြရပါမည်။(၅ မိနစ်)

**လုပ်ငန်းစဉ်**

- အတန်းရှိကလေးအရေအတွက်ပေါ်မူတည်၍ သင့်လျော်သလို အဖွဲ့များဖွဲ့ပါမည်။
- အဖွဲ့လိုက်တိုင်ပင်ပြီး တေးကဗျာအဆုံးသတ်ပိုင်း၏ သံစဉ်အနှေးအမြန် (Tempo)ကို ပြောင်းလဲခြင်း၊ အမူအရာများပြုလုပ်ခြင်းနှင့် သံစဉ်နှစ်ခုကို တစ်ထပ်တည်းမှုတ်ခြင်း တို့ကို တီထွင်ဖန်တီးကာ တီးမှုတ်သီဆိုရမည်ဖြစ်ကြောင်း ရှင်းပြမည်။
- ဆရာက တေးကဗျာအဆုံးသတ်ပိုင်း၏ သံစဉ်အနှေးအမြန် (Tempo)ပြောင်းလဲခြင်း၊အမူအရာများပြုလုပ်ခြင်းနှင့် သံစဉ်နှစ်ခုတစ်ထပ်တည်းမှုတ်ခြင်းကို တီထွင်ဖန်တီးကာ တီးမှုတ်သီဆိုရမည်ဖြစ်ကြောင်း ရှင်းပြရမည်။
- ပထမသံစဉ်နှင့် ဒုတိယသံစဉ်တို့ အသံမျှတစေရန် စဉ်းစားပြီး အသံအားနည်းသောဘက်ကို လူဦးရေ ပိုများစေရမည်ဖြစ်ကြောင်းကို ရှင်းပြရပါမည်။
- အဖွဲ့အလိုက် မိမိတို့ပြုလုပ်လိုသော အမူအရာများ၊ အဆုံးသတ်ပိုင်း၏ သံစဉ်အနှေးအမြန်(Tempo) နှင့် သံစဉ်နှစ်ခုကိုတီးမှုတ်မည့် လူဦးရေစသည်တို့ကို တိုင်ပင်စဉ်းစားကာ မည်ကဲ့သို့ ဖန်တီး၍ တီးမှုတ်သီဆိုရမည်ကို ဆုံးဖြတ်စေပါမည်။
- အဖွဲ့လိုက်ညီညာစွာ သီဆိုတီးမှုတ်နိုင်စေရန် လေ့ကျင့်စေပါမည်။(၂၅ မိနစ်)

**နိဂုံး**

- အဖွဲ့တစ်ဖွဲ့ချင်းစီကို အတန်းရှေ့သို့ ထွက်စေပြီး သီဆိုတီးမှုတ် သရုပ်ဖော်စေပါမည်။ ပြီးလျှင် မည်သည့်အပိုင်းကို တီထွင်ဖန်တီးထားကြောင်း ပြောစေပါမည်။
- နားထောင်နေသော အဖွဲ့များအား အဖွဲ့အသီးသီးက တီထွင်ဖန်တီးထားသော ကောင်းသည့်အချက်များကို ချီးကျူးစေပါမည်။(၁၀ မိနစ်)

အခန်း(၆) ငြိမ်းချမ်းတဲ့ မြန်မာပြည်

**တေးကဗျာကို အဖွဲ့လိုက် သီဆိုတီးမှုတ် သရုပ်ဖော်ကြစို့**





၃၀

### သတိပြုရမည့်အချက်များ

- ဆရာက သံစဉ်အနှေးအမြန် (Tempo)ပြောင်းလဲပုံကို နမူနာမှုတ်ပြရာတွင် သင်ခဲ့ဖူးသော သီချင်းများအပြင်မိမိတို့သိသော အခြားသီချင်းများရှိပါက ထိုသီချင်းကို နမူနာမှုတ်ပြနိုင်ပါသည်။
- အဖွဲ့တိုင်းကို အမူအရာပြုလုပ်၍ သီဆိုမည့်သူ၊ အပေါ်သံစဉ်ကို မှုတ်မည့်သူ၊ အောက်ရှိ သံစဉ်ကို မှုတ်မည့် သူတို့ကို အဖွဲ့အတွင်း အချင်းချင်းတိုင်ပင်၍ သတ်မှတ်စေပါမည်။
- အသံထပ်၍ တီးမှုတ်ရာတွင် အသံအားနည်း၍ မကြားရသည့် အပိုင်းကို လူဦးရေတိုးပြီး မှုတ်၍ရကြောင်း ရှင်းပြရပါမည်။
- အဖွဲ့လိုက် တီးမှုတ်ချိန်တွင် ပြောင်းလဲဖန်တီးထားသည့်အပိုင်းကို ချီးကျူးရပါမည်။
- စာသင်ချိန်မလုံလောက်ပါက အရန်စာသင်ချိန်ကို အသုံးပြုနိုင်ပါသည်။

### စစ်ဆေးအကဲဖြတ်ချက်


- တေးကဗျာ၏ အဆုံးရှိသံစဉ်အနှေးအမြန် (Tempo)ကို ပြောင်းလဲ၍ တေးကဗျာနှင့်ကိုက်ညီသော အမူအရာများပြုလုပ်ကာ တေးကဗျာ၏ အဓိပ္ပာယ်ကို ပိုမိုပေါ်လွင်အောင် သီဆိုတီးမှုတ်နိုင်သည်။ (A)
- တေးကဗျာ၏ အဆုံးရှိသံစဉ်အနှေးအမြန် (Tempo)ကို ပြောင်းလဲ၍ တေးကဗျာနှင့် ကိုက်ညီသော အမူအရာများပြုလုပ်ကာ သီဆိုတီးမှုတ်နိုင်သည်။ (B)
- တေးကဗျာ၏ အဆုံးရှိသံစဉ်အနှေးအမြန် (Tempo)ကို ပြောင်းလဲ၍ တေးကဗျာနှင့်ကိုက်ညီသော အမူအရာများပြုလုပ်ကာ သီဆိုတီးမှုတ်ခြင်း မပြုလုပ်နိုင်ပါ။ (C)

DBF Box - Copyright Protected

# ဂီတဝေါဟာရများ (တတိယတန်း)


တေးဂီတသုံး သင်္ကေတနှင့် ဝေါဟာရများ

## Whole Note



Whole Note သည် 4/4 time တွင် ရိုက်ချက်လေးချက်ရှိသည်။

## Eighth Rest



Quarter Rest 𝄽 ၏ တစ်ဝက်ရှိသော ရပ်နားချက်ဖြစ်သည်။

## Fi



ဖာ အသံတွင် တစ်ဝက်မြင့်တက်သော သင်္ကေတ ♯ ပါလျှင် ဖီ ဟု ဆိုပါ။

## Ri



ရေ အသံတွင် တစ်ဝက်မြင့်တက်သော သင်္ကေတ ♯ ပါလျှင် ရီ ဟု ဆိုပါ။

## Staccato



သင်္ကေတအောက်တွင် အစက်ပါလျှင် အသံကို အတိုဖြတ်ပြီး မှတ်ရပါမည်။

## Slur



ဤသင်္ကေတ  ပါသော အသံအစနှင့်အဆုံးနှစ်ခု ကြားရှိ အသံများကို တစ်ဆက်တည်းပြေပြစ်စွာ မှတ်ရပါမည်။



DBE Box - Copyright Protected